ACTION COMMITTEE FOR DEMOCRACY DEVELOPMENT

# ကမ္ပည်းမထိုးနိုင်ခဲ့သော ကတိကဝတ်များ

## ၂၀၁၅ မှ ၂၀၂၀ ခုနှစ်အတွင်း လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များအပေါ် လူထုသဘောထားအမြင်အစီရင်ခံစာ




Action Committee
for Democracy
Development
ACDD

# ကမ္ဘာ့ကြည်းမထိုးနိုင်ခဲ့သော

# ကတိကဝတ်များ

၂၀၁၅ မှ ၂၀၂၀ ခုနှစ်အတွင်း လွှတ်တော်ကိုယ်စားလှယ်များ၏
ဆောင်ရွက်ချက်များအပေါ်
လူထုသဘောထားအမြင်အစီရင်ခံစာ




Action Committee for Democracy Development **ACDD**
ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှုကော်မတီ
၂၀၂၀ ခုနှစ်အောက်တိုဘာလ ၂၅ ရက်

Contact Email: acdd.org@gmail.com
https://www.facebook.com/acdd.burma



မျက်နှာဖုံး – နေညိုအေး (ကာတွန်း)

# မာတိကာ


**အဖွဲ့အစည်းမိတ်ဆက်** — စာ - ၄

**၁။ နိဒါန်း** — စာ - ၇

**၂။ နောက်ခံအကြောင်းအရာ** — စာ - ၈

**၃။ စစ်တမ်း၏ရည်ရွယ်ချက်** — စာ - ၉

**၄။ အခြေခံစစ်တမ်းကောက်ယူရန်ပြင်ဆင်ခြင်း** — စာ - ၁၁

**၅။ သုံးသပ်တွေ့ရှိချက်များ –** — စာ - ၁၂

(၅-က) စစ်တမ်းကောက်ယူရရှိသည့် ကိန်းဂဏန်းများဖေါ်ပြချက်ကို အဓိကထားသည့် ခွဲခြမ်းစိတ်ဖြာ သုံးသပ်မှု (Quantitative Research)

- (၁)။ အခြေခံစစ်တမ်းကောက်ယူရာတွင် အကျုံးဝင်သော ပြည်နယ်နှင့်တိုင်းဒေသကြီးများ၊ မြို့နယ်များ ရပ်ကွက်နှင့် ကျေးရွာများ
- (၂)။ တိုင်းနှင့်ပြည်နယ် အလိုက်ပါဝင်ဖြေဆိုသူများ
- (၃)။ အသက်အရွယ်အလိုက် ကျား၊ မ နှိုင်းယှဉ်ချက်
- (၄)။ အရပ်ဘက်အဖွဲ့အစည်းများ၊ ပါတီများ၊ လူမျိုးများ
- (၅)။ ဖြေဆိုသူများ၏ နယ်ပယ်
- (၆)။ နေထိုင်ခဲ့သည့် နှစ်ကာလများ
- (၇)။ ဖြေဆိုသူများ၏ ဆန္ဒမဲပေးခဲ့မှု အတိုင်းအတာ

(၅-ခ) လူထုသဘောထားအမြင်များအပေါ်အရည်အချင်းအခြေခံ ခွဲခြမ်းစိတ်ဖြာ သုံးသပ်မှု (Qualitative Research)
(၁)။ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းဆောင်ရွက်မှုများကို သိရှိရသည့် အရင်းအမြစ်များ
(၂)။ ပြည်သူလူထုမျှော်မှန်းသည့် လွှတ်တော်ကိုယ်စားလှယ်အရည်အချင်းများ
(၃)။ မဲပေးခြင်းဆိုင်ရာ အရင်းအမြစ်များနှိုင်းယှဉ်မှု အခြေအနေ
(၄)။ ရွေးကောက်ပွဲကတိကဝတ်များအပေါ် သိရှိမှုအတိုင်းအတာ
(၅)။ လူထုအခက်အခဲများကို တင်ပြနိုင်ရန် စီမံဆောင်ရွက်ထားရှိမှု အခြေအနေ
(၆)။ လူထုတွေ့ဆုံပွဲများ ကျင်းပခဲ့သည့် အခြေအနေ
(၇)။ ဒေသဖွံ့ဖြိုးရေးဖော်ဆောင်မှုများနှင့် ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များအပေါ်ပြည်သူ လူထုအမြင်များ
(၈)။ ပြည်သူလူထု၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက် မှုအခြေအနေ
(၉)။ အငြင်းပွားမှုကိစ္စရပ်များဆိုင်ရာ ဖြေရှင်းဆောင်ရွက်မှုအခြေအနေ
(၁၀)။ ဥပဒေပြုရေးလုပ်ငန်းများဆောင်ရွက်မှုအပေါ် သိရှိမှုအတိုင်းအတာ
(၁၁)။ အစိုးရအားထိန်းကျောင်းခြင်းအပေါ် သိရှိမှုအတိုင်းအတာ
(၁၂)။ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်ခဲ့စဉ် အကူအညီပေးဆောင်ရွက်မှုအခြေအနေ
(၁၃)။ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ
(၁၄)။ ကိုယ်စားလှယ်များ၏ ကျော်စောသတင်းထွက်ရှိမှုအပေါ် သိရှိမှုအတိုင်းအတာ
(၁၅)။ လွှတ်တော်ကိုယ်စားလှယ်စွမ်းဆောင်ရည်ပြဇယား
(၁၆)။ ဖြေဆိုသူများ၏ အကြံပြုဖော်ပြချက်များ

၆။ နိဂုံး စာ - ၃၄
၇။ အကြံပြုတင်ပြချက်များ စာ - ၃၅
၈။ ကျေးဇူးမှတ်တမ်းလွှာ စာ - ၃၆
၉။ စစ်တမ်းတွင် ပါဝင်သည့် အခြေခံမေးခွန်းများ စာ - ၃၇
၁၀။ နောက်ဆက်တွဲဖော်ပြချက်များ စာ - ၄၂

# အဖွဲ့အစည်းမိတ်ဆက်

ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှုကော်မတီ Action Committee for Democracy Development (ACDD) အား မြန်မာနိုင်ငံ မတူကွဲပြားသောဒေသများရှိ ကွန်ရက်များဖြင့် အခြေခံဖွဲ့စည်းထားသည်။ လူငယ်များ၊ အမျိုးသမီးများ၊ တောင်သူလယ်သမားများ၊ အလုပ်သမား တက်ကြွလှုပ်ရှားသူများ၊ ရေလုပ်သားများ၊ တိုင်းရင်းသားလူမျိုးများအရေး တက်ကြွလှုပ်ရှားဆောင်ရွက်သူများ ပါဝင်သည်။

၂၀၁၀ ပြည့်နှစ်တွင် နယ်စပ်အခြေပြု အဖွဲ့အစည်းများနှင့် ပြည်တွင်းအခြေပြုကွန်ရက် (၆) ခုတို့ ပါဝင်စုစည်း၍ ACDD ကို ထူထောင်ခဲ့ကြသည်။ ၂၀၁၃ ခုနှစ် နှစ်ဦးတွင် အဖွဲ့အစည်း၏ လုပ်ငန်းစဉ်များ ပြည်တွင်းသို့ ပြောင်းရွှေ့ခဲ့ကြပြီး လက်ရှိတွင် တိုင်းဒေသကြီး (၆) ခုနှင့် ပြည်နယ် (၄) ခုတွင်အခြေပြုလှုပ်ရှားဆောင်ရွက်နေပြီး၊ ကွန်ရက်အဖွဲ့အစည်း (၁၂) ခုဖြင့် ဖွဲ့စည်းထားပါသည်။ ACDD ၏ မျှော်မှန်းချက်မှာ ဒီမိုကရက်တစ်ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးဖြစ်ပြီး လှုပ်ရှားမှုများ၏ ဦးတည်ချက်များမှာ (၁) ဒီမိုကရေစီအရေး၊ (၂) လူ့အခွင့်အရေး၊ (၃) ပြည်တွင်းငြိမ်းချမ်းမှုရရှိရေး၊ (၄) အမျိုးသားတန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့ဖြစ်ပါသည်။

နိုင်ငံရေးအသိပညာပေးခြင်း Political Education၊ လူ့အခွင့်အရေး ပညာပေးခြင်း Human Rights Education၊ အရည်အသွေးမြှင့်တင်ခြင်း Capacity Building၊ အလွှာစုံပြည်သူလူထုအား စည်းရုံးခြင်း Community Organizing၊ အခွင့်အရေးအခြေခံသည့် လှုပ်ရှားတောင်းဆိုမှုများအား အကြမ်းမဖက်သော နည်းလမ်းများဖြင့် ပြုလုပ်ခြင်း Rights-based Actions၊ နှင့် ပြည်သူလူထု လိုအပ်သော အပြောင်းအလဲများအတွက် စည်းရုံးလှုံ့ဆော်ခြင်း Advocacy လုပ်ငန်းစဉ်များကို တတ်စွမ်းသမျှ လုပ်ဆောင်နေကြပါသည်။ ACDD အဖွဲ့အစည်းသည် စီမံကိန်းအခြေပြု Project-based အဖွဲ့အစည်းမဟုတ်ဘဲ ဖြစ်စဉ်အခြေပြု Process-based အဖွဲ့အစည်းဖြစ်သည်။ ACDD ၏ လုပ်ငန်းစဉ် အဆင့်ဆင့်နှင့် ဦးဆောင်မှုကဏ္ဍအသီးသီးတွင် အမျိုးသမီး ပါဝင်နိုင်မှုကို အားပေးမြှင့်တင်သွားမည်ဖြစ်ပြီး ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရန် ရည်ရွယ်ချက်တူ အင်အားစုများနှင့် လက်တွဲကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

## ■ စွမ်းရည်မြှင့်တင်ရေးနှင့် အသိပညာပေးလုပ်ငန်းများ

(၁) Community Organizing (CO) Process လူထုအခြေပြု စည်းရုံးလှုံ့ဆော်ခြင်း နည်းနာများ

(၂) Human Rights and Democracy Training လူ့အခွင့်အရေးနှင့် ဒီမိုကရေစီသင်တန်းများ

(၃) Women Rights Training အမျိုးသမီးအခွင့်အရေး သင်တန်းများ

(၄) NVA (Non-Violence Actions) အကြမ်းမဖက် လူထုလှုပ်ရှားမှု သင်တန်းများ

(၅) Anti-Discriminaiton Training and Legal Process ခွဲခြားဆက်ဆံမှု ပပျောက်ရေး သင်တန်းများနှင့် ဥပဒေပြုရေးလုပ်ငန်းစဉ်များ

(၆) Democratic Leadership Trainings ဒီမိုကရေစီနည်းကျခေါင်းဆောင်မှု သင်တန်းများကို ကွန်ရက်အခြေစိုက်ရာနေရာများတွင် သင်ကြားပို့ချခြင်း၊ ဆွေးနွေးခြင်း၊ လက်တွေ့လှုပ်ရှားဆောင်ရွက်ခြင်းတို့ ပြုလုပ်လျက်ရှိပါသည်။

## ■ အခွင့်အရေးဆိုင်ရာလုပ်ငန်းစဉ်များ

(၁) သိမ်းဆည်းလယ်ယာမြေပြန်လည်ရရှိရေးနှင့် လယ်ယာမြေဥပဒေပြင်ဆင်ရေး
(၂) ရေလုပ်သားများ၊ အလုပ်သမားများ အခွင့်အရေးချိုးဖောက်ခံရမှုများကိုဖြေရှင်းဆောင်ရွက်တတ်လာစေရန်
(၃) အမျိုးသမီးပါဝင်မှု အခန်းကဏ္ဍမြှင့်တင်ရေး
(၄) လူမှုအသိုင်းအဝိုင်းအတွင်း ခွဲခြားဆက်ဆံမှု လျှော့ချရေး
(၅) ရပ်ကျေးဥပဒေ၊ မူးယစ်ဆေးဝါးဥပဒေ၊ စည်ပင်ဥပဒေ ပြင်ဆင်ရေး လှုပ်ရှားမှုများအား ဆောင်ရွက်လျက်ရှိပါသည်။

## ■ နိုင်ငံလုံးဆိုင်ရာကမ်ပိန်း National Campaign

၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေပြင်ဆင်ရေးကို ရပ်/ကျေး ပြင်ဆင်ရေး မိတ်ဖက်အဖွဲ့အစည်းများ ၅ ဖွဲ့ဖြင့် ဒီမိုကရေစီနည်းကျ အများပူးပေါင်းပါဝင်မှုရှိသည့် ရပ်/ကျေး ရွေးကောက်ပွဲနှင့် လူထုအခြေပြု ရပ်/ကျေးအုပ်ချုပ်ရေးစနစ်ပေါ်ပေါက်လာစေရန် ဦးဆောင်တိုက်တွန်းနှိုးဆော်လျက်ရှိပါသည်။
၂။ လူ့အခွင့်အရေး လှုပ်ရှားမှုများအပါအဝင် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုများအတွက် ဦးတည်ချက်တူညီရာ အဖွဲ့အစည်းများဖြင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။

## ■ အဖွဲ့ဝင်ကွန်ရက်များ

| စဉ် | ကွန်ရက်အမည် | အခြေပြုဒေသ |
|---|---|---|
| ၁ | Ramkhye မြစ်ကြီးနားကွန်ရက် | မြစ်ကြီးနား၊ ကချင်ပြည်နယ် |
| ၂ | ရပ်ရွာငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးရှေ့ဆောင်အဖွဲ့ | ကလေးမြို့ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃ | အလုပ်သမားအဖွဲ့ ဖွဲ့စည်းပေါ်ပေါက်ရေးနှင့် အမျိုးသမီး အခွင့်အရေး အသိပညာပေးရေး (ပဲခူး) ကွန်ရက် | ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီး |
| ၄ | တောင်သူလယ်သမားများနှင့် ရေလုပ်သားများ အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေး ကွန်ရက် | မြစ်ကျိုးတိုက်နယ်၊ ပဲခူး - စစ်တောင်းတူးမြောင်း ဒေသ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း) |
| ၅ | ဥသျှစ်ပင် လူငယ်ကွန်ရက် | ဥသျှစ်ပင်မြို့ ပန်းတောင်းမြို့နယ် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) |
| ၆ | လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးကွန်ရက် | ချောက်မြို့ မကွေးတိုင်းဒေသကြီး |
| ၇ | လူမှုဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေး ကွန်ရက် | ပေါင်မြို့၊ မွန်ပြည်နယ် |
| ၈ | ရေးမြို့နယ် မွန်လူငယ်ကွန်ရက် | ရေးမြို့၊ မွန်ပြည်နယ် |
| ၉ | တောင်သူလယ်သမားများ ဥပဒေအထောက်အကူပြု ကွန်ရက် | မြောက်ဦးမြို့၊ ရခိုင်ပြည်နယ် |
| ၁၀ | ရွှေခြံမြေ ကွန်ရက် | ကွမ်းခြံကုန်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁ | Justice Drum ကွန်ရက် | တောင်ကြီးမြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း) |
| ၁၂ | ဒို့လယ်ယာ ကွန်ရက် | အင်္ဂပူမြို့၊ ဧရာဝတီတိုင်းဒေသကြီး |

# ကမ္ပည်းမထိုးနိုင်ခဲ့သော ကတိကဝတ်များ



၂၀၁၅ မှ ၂၀၂၀ ခုနှစ်အတွင်းလွှတ်တော်ကိုယ်စားလှယ်များ၏
ဆောင်ရွက်ချက်များအပေါ်
လူထုသဘောထားအမြင်အစီရင်ခံစာ

Action Committee for Democracy Development

# ၁။ နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းနေပြီး ဖက်ဒရယ်နိုင်ငံဖြစ်ပေါ်လာရန် ကြိုးပမ်းလျက်ရှိသည်။ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲများသည် အခြေခံလုပ်ငန်းဖြစ်သကဲ့သို့ ပြည်သူလူထု၏ အနစ်သာရပြည့်ဝသည့် ပူးပေါင်းပါဝင်မှုသည် စံတန်ဖိုးဖြစ်သည်။ ပြည်သူများသည် ဒီမိုကရေစီစနစ်တွင် မဲဆန္ဒပေးခြင်းလုပ်ငန်းထက်ပိုသည့် လုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ရှိသည်။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူလူထု၏ အနစ်သာရရှိသည့် ပူးပေါင်းပါဝင်မှု ဖြစ်ပေါ်လာရေးသည် အစိုးရ၊ လွှတ်တော်နှင့်ပြည်သူလူထု၏အချင်းချင်းအပြန်အလှန်ထိန်းကျောင်းမှုနှင့်သက်ဆိုင်သည်။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေအခန်း (၃) တွင် ဖော်ပြထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ကျင့်ဝတ်နှင့် စည်းကမ်းချက်များ၊ ရပိုင်ခွင့်နှင့် အခွင့်အရေးများကို ပြည်သူများအနေဖြင့် ကိုယ်တိုင်သိရှိလာပြီး၊ စောင့်ကြည့်ခြင်း၊ ဖော်ထုတ်ခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းများကို ဆောင်ရွက်မှသာ အများပူးပေါင်းပါဝင်ပြီး ကိုယ်စားပြုမှု မြင့်မားသည့် ဒီမိုကရေစီစနစ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ပြီးခဲ့သည့် ကာလများအတွင်း ကျွန်ုပ်တို့အဖွဲ့ဝင် ကွန်ရက်များသည် သက်ဆိုင်ရာ ဒေသအသီးသီးတွင် ဖြစ်ပေါ်နေသည့် ပြဿနာများအား လူထုနှင့်အတူ ဖြေရှင်းဆောင်ရွက်ရာ၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများအကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အချင်းချင်း အပြန်အလှန်ထိန်းကျောင်းမှုများတွင် အားနည်းချက်များ ရှိနေသည်ကို လေ့လာတွေ့ရှိရသည်။ တစ်ချိန်တည်းတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်မှုများအပေါ် ပြည်သူလူထုမှ ယေဘုယျ ဝေဖန်သုံးသပ်မှု၊ အားပေးထောက်ခံမှု မျိုးစုံကို ကျွန်ုပ်တို့ ပတ်ဝန်းကျင်တွင် ကြားသိနေရသည်။ အဆိုပါ ဝေဖန်မှုများနှင့် ထောက်ခံသည့် ပြည်သူ့အမြင်များကို ကောက်ယူပြီး ဆန်းစစ်လေ့လာသုံးသပ်တင်ပြခြင်းကို မဲဆန္ဒရှင် ပြည်သူများနှင့် ဖွဲ့စည်းထားသည့် အရပ်ဘက် အဖွဲ့အစည်းများ ကိုယ်တိုင်က ဆောင်ရွက်မှသာလျှင် တာဝန်ယူမှု၊ တာဝန်ခံမှုမြင့်မားသည့် ကိုယ်စားလှယ်များ ပေါ်ပေါက်လာမည်ဖြစ်သည်။ ၎င်းအပြင် ၂၀၂၀ ခုနှစ်သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြီးနောက်ပိုင်း တတိယအကြိမ်မြောက် အထွေထွေရွေးကောက်ပွဲကျင်းပမည့် ခုနှစ်ဖြစ်သည်နှင့်အညီ ပြည်သူလူထုထံမှ ထွက်ပေါ်လာသည့်အသံများကို စုစည်း၍ အစီရင်ခံစာ ထုတ်ပြန်ခြင်းများကို အချိန်ကိုက် ဆောင်ရွက်နိုင်ရန်အလို့ငှာ ယခုစစ်တမ်းကို စီစဉ်ခဲ့ခြင်းဖြစ်ပါသည်။ ဤစစ်တမ်းသည် ၂၀၁၅ မှ ၂၀၁၉ ခုနှစ်အတွင်း လွှတ်တော်သုံးရပ်စလုံးတွင်

တာဝန်ထမ်းဆောင်နေသည့် ကိုယ်စားလှယ်များအပေါ် ပြည်သူလူထု၏ အမြင်သဘောတရားများအား ကောက်ယူစုစည်းထုတ်ပြန်ရန် စီစဉ်ထားသည့် စစ်တမ်းကောက်ယူ သုတေသနပြုမှုတစ်ရပ်ဖြစ်ပါသည်။

စစ်တမ်းမေးခွန်းများကို စီစဉ်ရာတွင် အနှစ်ချုပ်ခြင်းအားဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ကျင့်ဝတ်နှင့် စည်းကမ်းချက်များ၊ ရပိုင်ခွင့်နှင့် အခွင့်အရေးများ စသည့်အချက် (၄) ချက်ပေါ်တွင် အခြေပြုတည်ဆောက်ထားပါသည်။ ပြည်သူလူထုကို မျက်နှာမူသော လွှတ်တော်ကိုယ်စားလှယ်များ ပေါ်ထွက်လာရေးသည် မဲဆန္ဒရှင် ပြည်သူလူထုကိုယ်တိုင် စဉ်ဆက်မပြတ် စောင့်ကြည့်ခြင်း၊ အပြုသဘော ဆောင် ဝေဖန်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများကို ဆောင်ရွက်မှသာ လွှတ်တော်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသောကြောင့် ကျွန်ုပ်တို့သည် ပြည်သူလူထုတွင် နေ့စဉ်ကြုံတွေ့နေရသည့် အခက်အခဲပြဿနာများကို တတ်စွမ်းသမျှ အစဉ်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

စစ်တမ်းသည် ကိုယ်စားလှယ်များ၏ လွှတ်တော်ရေးရာ လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုကို စောင့်ကြည့် အကဲခတ်ခြင်းမဟုတ်ဘဲ၊ ကိုယ်စားလှယ်တစ်ဦးချင်းအလိုက် သက်ဆိုင်ရာ မဲဆန္ဒနယ်မြေမှ ပြည်သူလူထုအား ဖော်ဆောင်ပေးခဲ့သည့် အခြင်းအရာများအပေါ် ပြည်သူလူထု၏ အမြင်သဘောထားများကို ကောက်ယူစုစည်းခဲ့ခြင်း ဖြစ်ပါသည်။

## ၂။ နောက်ခံအကြောင်းအရာ

ACDD အဖွဲ့ဝင်ကွန်ရက်များသည် ရပ်ကွက်နှင့် ကျေးရွာလူထုကို အခြေပြု ဖွဲ့စည်းထားပြီး ပြည်သူလူထုထံမှ ထွက်ပေါ်လာသည့် ဆန္ဒသဘောထားများ၊ တောင်းဆိုမှုများကို အစိုးရနှင့် တာဝန်ရှိသူများမှ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်လာခဲ့သည်မှာ ၁၀ နှစ်တိုင်တိုင် ပြည့်ခဲ့ပြီဖြစ်ပါသည်။ ACDD အဖွဲ့ဝင်ကွန်ရက်များသည် နှစ်ပတ်လည်အစည်းအဝေးတွင် နှစ်စဉ် ACDD တစ်ခုလုံးဆိုင်ရာ ကွန်ရက်များအားလုံး ပူးပေါင်းဆောင်ရွက်ရမည့် စည်းရုံးလှုံ့ဆော်ရေး အကြောင်းရပ်တစ်ရပ်ကို ရွေးချယ်၍ အဖွဲ့ရည်မှန်းချက်နှင့် နိုင်ငံရေးအခြေအနေပေါ်တွင် မူတည်၍ အစီရင်ခံစာများ ရေးသားထုတ်ပြန်ခြင်းနှင့် တိုက်တွန်းနှိုးဆော်ရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လေ့ရှိပါသည်။

ACDD အဖွဲ့ဝင် ကွန်ရက်များအားလုံးသည် ပြည်သူလူထုပါဝင်ဆောင်ရွက်သော စည်းရုံးလှုံ့ဆော်ရေးလှုပ်ရှားမှုများအနေဖြင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေနှင့် ပတ်သက်ပြီး လူထုသဘောထားအမြင် အစီရင်ခံစာ၊ ၂၀၁၈ ခုနှစ်တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ဥပဒေသုံးသပ်ချက် အစီရင်ခံစာနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အုပ်ချုပ်ရေးဆိုင်ရာ ကဏ္ဍနှင့် ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း၅၊ ပုဒ်မ ၂၈၈ နှင့် ၂၈၉ တို့အား ပြင်ဆင်နိုင်ရန် လေ့လာသုံးသပ်ချက် အစီရင်ခံစာစာအုပ်များကို ထုတ်ဝေခဲ့ပြီး ဦးတည်ချက်တူသည့် အရပ်ဖက် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး စည်းရုံးလှုံ့ဆော်မှုများပြုလုပ်ခဲ့သည်။ ၎င်းအပြင် ကွန်ရက်တစ်ခုချင်းစီမှ ဒေသဆိုင်ရာ ပြဿနာများအပေါ် အခြေခံပြီး ထုတ်ဝေသည့် အစီရင်ခံစာများမှာ ပေါင်မြို့နယ် သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများ အစီရင်ခံစာ၊ ရှမ်းပြည်နယ်တောင်ပိုင်း မူးယစ်ဆေးဝါးဆိုင်ရာ လူထုစစ်တမ်းများကို ကွန်ရက်အလိုက်ဆောင်ရွက်ခဲ့ပြီး အစီရင်ခံစာ မိတ်ဆက်ခြင်း၊ လွှတ်တော်သို့ သွားရောက်တင်ပြဆွေးနွေးခြင်းများ၊ သတင်းမီဒီယာ ရှင်းလင်းခြင်းများကို ပြုလုပ်ခဲ့သည်။ ပြည်သူများ၏ ဆန္ဒနှင့် ကိုက်ညီသော ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်တင်မြှောက်နိုင်ရေး တိုက်တွန်းနှိုးဆော်ခြင်း၊ မူးယစ်

ဆေးဝါး ကာကွယ်တားဆီးရေး အသိပညာပေးခြင်း (မွန်ပြည်နယ်၊ ရှမ်းပြည်နယ်)၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများ အသိပညာပေးခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အပူချိန်လျှော့ချရေး အသိပညာ ပေးခြင်း (မကွေးတိုင်း) စသည့် အသိပညာပေး လက်ကမ်းစာစောင်များနှင့် ၂၀၁၅-၂၀၁၆ ခုနှစ်များတွင် Poster Campaign များပြုလုပ်ခဲ့ပါသည်။

## ၃။ စစ်တမ်း၏ ရည်ရွယ်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျင်းပခဲ့သော အထွေထွေ ရွေးကောက်ပွဲများတွင် ပြည်သူလူထု၏ ဆန္ဒမဲပေးမှုရာခိုင်နှုန်းမှာ ၂၀၁၀ ခုနှစ်တွင် ၇၇% ကျော်နှင့် ၂၀၁၅ ခုနှစ်တွင်၇၀% ရာခိုင်နှုန်းလာရောက်ဆန္ဒပြုမဲပေးခဲ့ကြသဖြင့်ရွေးကောက်ပွဲအပေါ်ပြည်သူလူထုဘက်မှတာဝန်ကျေသည်ဟု မှတ်ယူရမည်ဖြစ်သော်လည်း ရွေးကောက်ပွဲအပြီး လွှတ်တော်ကိုယ်စားလှယ်များအား စောင့်ကြည့်ခြင်း၊ ဝေဖန်ထောက်ပြခြင်းနှင့် တိုက်တွန်းနှိုးဆော်ရေး လုပ်ငန်းများကို ပြည်သူလူထုကိုယ်တိုင် စဉ်ဆက်မပြတ် ဆောင်ရွက်မှသာ အပြည့်အဝ တာဝန်ကျေမည်ဟု ကျွန်ုပ်တို့ ယူဆပါသည်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ၉၀ % နှုန်းမှာ ပါတီကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါသည်။ ကိုယ်စားလှယ်များ မဲဆွယ်စည်းရုံးစဉ်က ပါတီ၏ မူဝါဒနှင့် လုပ်ငန်းစဉ်များအပေါ်တွင် အခြေပြု စည်းရုံးခဲ့ကြပြီး ပြည်သူလူထု၏ ဆန္ဒသဘောထားအမြင်များ၊ တောင်းဆိုချက်များကို ပြန်လည်ဆွေးနွေးသည့် ဖြစ်စဉ်ပုံစံများမှာ အလွန်နည်းပါးခဲ့ပါသည်။ ရွေးကောက်ပွဲအပြီး နောက်ပိုင်းအချိန်များတွင် အနိုင်ရလွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီး ပြည်သူလူထုတွင် တွေ့ကြုံခံစားနေရသည့် အခက်အခဲပြဿနာများကို ဆွေးနွေးအဖြေရှာခဲ့ရသည်ဟု ယေဘုယျရှုမြင်မိပါသည်။

ယခုအချိန်သည် ၂၀၂၀ ရွေးကောက်ပွဲနှင့် နီးကပ်နေသည့်အချိန်ဖြစ်သည့်အလျှောက် တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသလို လွှတ်တော်ကိုယ်စားလှယ်များ၏ဆောင်ရွက်ချက်များအပေါ်ပြည်သူလူထုကြား ပြောဆိုနေသည့်အကြောင်းအရာများနှင့် ပတ်သက်၍ ACDD အဖွဲ့ဝင်များသည်မိမိတို့အခြေစိုက်



ရာ ဒေသအတွင်းပြည်သူလူထု၏ ထင်မြင်ယူဆချက်များကို ဖော်ထုတ်တင်ပြနိုင်ရန် အောက်ပါရည်ရွယ်ချက်များအတိုင်း ကောက်ယူစုစည်းခဲ့ကြပါသည်။

(၁) လေးနှစ်တာ တာဝန်ထမ်းဆောင်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်မှုများအပေါ် လူထုသဘောထားအမြင်များကို စုစည်းတင်ပြနိုင်ရန်၊

(၂) လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းတာဝန်များကို ပြည်သူများသိရှိလာပြီး အပြန်အလှန်တာဝန်ခံမှု တာဝန်ယူမှုရှိသည့် နိုင်ငံရေးရပ်ဝန်းတစ်ရပ် ဖြစ်ပေါ်လာစေရန်၊

(၃) ရွေးကောက်ပွဲကတိကဝတ်များပေါ်တွင် အခြေခံသည့် ရွေးချယ်တင်မြှောက်မှုပုံစံများ ဖြစ်ထွန်းလာပြီး လူထုကို မျက်နှာမူသော လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်လာတတ်လာစေရန်၊

(၄) ရပ်ရွာလူထုအသိုင်းအဝိုင်းအတွင်း ဒီမိုကရေစီနှင့် လူ့အခွင့်အရေးယဉ်ကျေးမှု သဘောတရားများ ပိုမိုဖွံ့ဖြိုးလာစေရန်တို့ ဖြစ်ပါသည်။

အစိုးရ၏ မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး တိုက်တွန်းနှိုးဆော်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်၊ အစိုးရနှင့် ပြည်သူလူထုတို့၏ ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍသည် လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်သည့် အခြေအနေတစ်ရပ် ဖြစ်ပေါ်လာမှသာ လက်ရှိနိုင်ငံရေးအကြပ်အတည်းများကို ဖြေရှင်းနိုင်လိမ့်မည်ဖြစ်ပါသည်။





# ၄။ စစ်တမ်းကောက်ယူရန် ပြင်ဆင်ခြင်း

ACDD အဖွဲ့ဝင်များသည် နှစ်ပတ်လည်အစည်းအဝေးတွင် နှစ်စဉ် ACDD တစ်ခုလုံးဆိုင်ရာ ကွန်ရက်များအားလုံး ပူးပေါင်းဆောင်ရွက်ရမည့် စည်းရုံးလှုံ့ဆော်ရေး အကြောင်းအရာတစ်ရပ်ကို နိုင်ငံရေးအခြေအနေပေါ်တွင် အခြေပြုရွေးချယ်ကာ အစီရင်ခံစာများ ရေးသားထုတ်ပြန်ခြင်းနှင့် တိုက်တွန်းနှိုးဆော်ရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လေ့ရှိပါသည်။ ရွေးကောက်ပွဲနီးကပ်လာသည်နှင့်အညီ ပြည်သူလူထုနှင့် လွှတ်တော်ကိုယ်စားလှယ်များကြား အကြံပြုပြောကြားချက်များနှင့် အားရကျေနပ်မှုမရှိသည့်အပေါ် ပြစ်တင်ဝေဖန်ခြင်းများကို ကျယ်ကျယ်လောင်လောင် ကြားနေရသည့်အတွက် မိမိတို့ ACDD အဖွဲ့ဝင်ကွန်ရက်အဖွဲ့ဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများကြား ဖြစ်ပေါ်နေသည့် ပွတ်တိုက်မှုများကို သိရှိလေ့လာနိုင်ရန်နှင့် လေ့လာတွေ့ရှိချက်များကို သုံးသပ်ပြီး ပြည်သူလူထုအား အစီရင်ခံတင်ပြနိုင်ရန်အတွက် ၂၀၁၉ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် Workshop on "Developing Monitoring Framework and Surveying Strategy in community level" စောင့်ကြည့်လေ့လာရေး မူဘောင်ချမှတ်ခြင်းနှင့် စစ်တမ်းကောက်ယူခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ Thabyay Education Foundation တွင် ၄ ရက်တာ ဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပြီး အခြေခံစစ်တမ်းမေးခွန်းများကို ပြင်ဆင်ခဲ့ကြပါသည်။

စစ်တမ်းကောက်ယူခြင်းကို ၂၀၂၀ ခုနှစ် မတ်လ ၁ ရက်နေ့မှ ဧပြီလ ၃၀ ရက်နေ့ထိ ကောက်ယူရန် သတ်မှတ်ထားသော်လည်း COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါ ဖြစ်ပေါ်နေသည့် ကာလနှင့် တိုက်ဆိုင်နေသောကြောင့် စစ်တမ်းကောက်ယူမှုနောက်ဆုံးရက်ကို ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့ထိ အချိန်တိုးမြှင့်သတ်မှတ်ခဲ့ပြီး အဖွဲ့ဝင်များနှင့် မိတ်ဖက်အဖွဲ့အစည်းများသည် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့် အညီ စစ်တမ်းကောက်ယူ စုစည်းမှုကို ဆောင်ရွက်ခဲ့ကြပါသည်။



# ၅။ သုံးသပ်တွေ့ရှိချက်များ

## (၅-က) စစ်တမ်းကောက်ယူရရှိသည့် ကိန်းဂဏန်းများ ဖော်ပြချက်ကို အဓိကထားသည့် ခွဲခြမ်းစိတ်ဖြာ သုံးသပ်မှု Quantitative Research

ဤအစီရင်ခံစာအား ရေးသားပြုစုနိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ မြို့နယ်ပေါင်း ၃၁ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာစုစုပေါင်း ၆၆၁ ခုတို့တွင် နေထိုင်ကြသည့် အမျိုးသား ၁၆၅၃ ဦးနှင့် အမျိုးသမီး ၁၂၁၀ ဦး၊ လိင်ပြောင်းထားသူ (၁) ဦး စုစုပေါင်း တုန့်ပြန်ဖြေဆိုသူဦးရေ ၂၈၆၄ ဦး၏ တုန့်ပြန်ချက်များကို အခြေခံထားပါသည်။

စစ်တမ်းတွင် ပါဝင်ဖြေဆိုကြသူများအနက် ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်ရှိ ပြည်သူများ၏ ပါဝင်ဖြေဆိုမှုမှာ အားကောင်းသည်ကို တွေ့ရှိရပြီး၊ ချင်းပြည်နယ်သည် ပါဝင်ဖြေဆိုမှု အနည်းဆုံး ဖြစ်ခဲ့သည်။ ကူးစက်ရောဂါပြန့်ပွားနေသည့်ကာလအတွင်း နေရာဒေသများ၏ နိုင်ငံရေး၊ ရာသီဉတုနှင့် ကျန်းမာရေး၊ လူမှုစီးပွားအခြေအနေများပေါ် မူတည်၍ ပါဝင်ဝင်ရောက်ဖြေဆိုမှု အတိုင်းအတာ ညီမျှမှုမရှိသည်ကို ACDD က တွေ့ရှိခဲ့ရသည်။ သို့သော် ပါဝင်ဖြေဆိုကြသည့် ဒေသအသီးသီးက ပြည်သူများ၏ အမြင်များကို အကောင်းဆုံး စုစည်းသုံးသပ်ပေးနိုင်ရန် ယခုအစီရင်ခံစာအား ပြင်ဆင်ခဲ့ပါသည်။ ယခု အစီရင်ခံစာသည် တစ်နိုင်ငံလုံးရှိ ပြည်သူများ၏ လွှတ်တော်ကိုယ်စားလှယ်များအပေါ် အမြင်သဘောထားကို ကိုယ်စားပြုမှုမရှိပါကြောင်း ACDD က ဝန်ခံအပ်ပါသည်။

## (၁)။ အခြေခံစစ်တမ်းကောက်ယူရာတွင် အကျုံးဝင်သော ပြည်နယ်နှင့် တိုင်းဒေသကြီးများ မြို့နယ်များ၊ ရပ်ကွက်နှင့် ကျေးရွာများ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့နယ် | ရပ်ကွက်နှင့်ကျေးရွာ |
|---|---|---|---|
| ၁ | ကချင်ပြည်နယ် | မြစ်ကြီးနား<br>ဝိုင်းမော်<br>ဖားကန့် | ၅၁ |
| ၂ | ချင်းပြည်နယ် | တီးတိန် | ၃ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေး<br>ကလေးဝ<br>တမူး | ၄၂<br>၄ |
| | မကွေးတိုင်း | ချောက် | ၇၉ |
| ၅ | ရှမ်းပြည်နယ် | တောင်ကြီး<br>ဟိုပုံး<br>မောက်မယ်<br>ဆီဆိုင်<br>ညောင်ရွှေ<br>ပင်းတယ | ၆၇ |
| ၆ | ပဲခူးတိုင်းဒေသကြီး | ပန်းတောင်း<br>ကဝ<br>သနပ်ပင်<br>ပဲခူး<br>ဝေါ | ၁၃၁ |
| ၇ | ဧရာဝတီတိုင်းဒေသကြီး | အင်္ဂပူ<br>မြန်အောင်<br>ဟင်္သာတ | ၃၇ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး | ကွမ်းခြံကုန်း | ၄၈ |
| ၉ | မွန်ပြည်နယ် | ကျိုက်မရော<br>ဘီးလင်း<br>မုဒုံ<br>သထုံ<br>ပေါင်<br>မော်လမြိုင်<br>သံဖြူဇရပ်<br>ရေး | ၁၉၉ |
| | တိုင်းနှင့်ပြည်နယ် - ၉ ခု | မြို့နယ် - ၃၀ | ရပ်/ကျေး - ၆၆၁ |

## (၂)။ တိုင်းနှင့်ပြည်နယ်အလိုက် ပါဝင်ဖြေဆိုသူများ

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | လူဦးရေ | နိုင်းယှဉ်ချက်ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၂၁၆ | ၇.၅၄ % |
| ၂ | ချင်းပြည်နယ် | ၄၃ | ၁.၅၀ % |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၄၄ | ၈.၅၁ % |
| ၄ | မကွေးတိုင်းဒေသကြီး | ၃၈၀ | ၁၃.၂၆ % |
| ၅ | ရှမ်းပြည်နယ် | ၃၁၄ | ၁၀.၉၆ % |
| ၆ | ပဲခူးတိုင်းဒေသကြီး | ၅၁၅ | ၁၇.၉၈ % |
| ၇ | ဧရာဝတီတိုင်းဒေသကြီး | ၅၀၀ | ၁၇.၄၅ % |
| ၈ | ရန်ကုန်တိုင်းဒေသကြီး | ၁၉၁ | ၆.၆၆ % |
| ၉ | မွန်ပြည်နယ် | ၄၆၁ | ၁၆.၀၉ % |
| | စုစုပေါင်း -၉ ခု | ၂၈၆၄ - ဦး | ၉၉.၉၅ % |

## (၃)။ အသက်အရွယ်အလိုက် ကျား၊ မ နှိုင်းယှဉ်ချက်

| စဉ် | အသက် - အရွယ် | အမျိုးသား | အမျိုးသမီး | လိင်ပြောင်းသူ | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| ၁ | ၁၈ နှစ်အောက် | ၆ - ဦး | ၁၄ - ဦး | | ၂၀ - ဦး | ၀.၆၉ % |
| ၂ | ၁၈ နှစ် မှ ၃၅ နှစ်ကြား | ၄၀၆ - ဦး | ၄၄၁ - ဦး | ၁ - ဦး | ၈၄၈ - ဦး | ၂၉.၆၀ % |
| ၃ | ၃၅ နှစ် အထက် | ၁၂၄၁ - ဦး | ၇၅၅ - ဦး | | ၁၉၉၆ - ဦး | ၆၉.၆၉ % |
| | စုစုပေါင်း | ၁၆၅၃ - ဦး | ၁၂၁၀ - ဦး | ၁ - ဦး | ၂၈၆၄ - ဦး | |
| | ရာခိုင်နှုန်း | ၅၇.၇၁ % | ၄၂.၂၄ % | | | |

စစ်တမ်းတွင် ပါဝင်ဖြေဆိုသူ စုစုပေါင်းမှာ ၂၈၆၄ ဦး၏ ကျားမအချိုးမှာ အမျိုးသား ၁၆၅၃ ဦး (၅၇.၇၁ %)၊ အမျိုးသမီး ၁၂၁၀ ဦး (၄၂.၂၄ %)၊ လိင်ပြောင်းထားသူ (၁) ဦး ဖြစ်ပါသည်။ အသက်အရွယ်အားဖြင့် အသက် ၁၈ နှစ်အောက် ဖြေဆိုသူ ၂၀ ဦး (၀.၆၉ %) နှင့် ၁၈ နှစ် မှ ၃၅ နှစ်ကြား ဖြေဆိုသူ ၈၄၈ - ဦး (၂၉.၆၀ %) ဖြစ်ပါသည်။ ဖြေဆိုသူအများစုမှာ အသက် ၃၅ နှစ်အထက်ဖြေဆိုသူများဖြစ်ပြီး ၁၉၉၆ ဦး (၆၉.၆၉ %) ဖြစ်သည့်အတွက် အချက်အလက်များအပေါ် သုံးသပ်မှုများပြုရန်အတွက် အထောက်အပံ့ကောင်းများ ဖြစ်စေသည်။

## (၄)။ စစ်တမ်းတွင် ပါဝင်ဖြေဆိုကြသည့် အရပ်ဘက်အဖွဲ့အစည်းများ၊ ပါတီများ၊ လူမျိုးများ

ဝင်ရောက်ဖြေဆိုသူ ၂၈၆၄ ဦးတွင် နိုင်ငံရေးပါတီ - ၃၇ ပါတီနှင့် အရပ်ဘက်အဖွဲ့အစည်း ၁၀၉ ဖွဲ့ စုစုပေါင်း - ၁၄၆ ဖွဲ့တို့မှ ပါဝင်ဖြေဆိုထားပြီး၊ "ကချင် (ဂျိမ်ဖော့)"၊ အဇီး၊ ရဝမ်၊ လော်ဝေါ်၊ လချိ၊ လီဆူ၊ ကရင်၊ ချင်း၊ ဇိုမီး၊ လူရှိုင်း၊ ဂေါ်ရခါး၊ အရှိုချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ တောင်ရိုး၊ ဓနု၊ ပအိုဝ်း၊ အင်းသား၊ အိန္ဒိယနွယ်ဖွား၊ တမိလ် စသည်ဖြင့် စုစုပေါင်း လူမျိုး ၂၂ မျိုးတို့မှ ပါဝင်ဖြေဆိုထားပါသည်။

## (၅)။ ဖြေဆိုသူများ၏ နယ်ပယ်

| | | | |
|---|---|---|---|
| လွှတ်တော်ကိုယ်စားလှယ်ဟောင်း (၂) | အရပ်ဘက်အဖွဲ့အစည်း (၁၄၇) | တောင်သူလယ်သမား (၇၇၉) | သဘာဝဘေးအန္တရာယ်ခံစားရဖူးသူ (၂၀၇) |
| ရွေးကောက်ပွဲပါဝင်ယှဉ်ပြိုင်ဖူးသူ (၁၀) | စက်ရုံ/အလုပ်ရုံလုပ်သား (၅၅) | ကျောင်းသားလူငယ် (၁၃၉) | စစ်ဘေးရှောင်များ (၃၅) |
| လက်နက်ကိုင်အဖွဲ့အစည်း (၃) | ဈေးသည်များ (၂၈၇) | စီးပွားရေးလုပ်ငန်းရှင် (၃၇၅) | ရွှေ့ပြောင်းလုပ်သားများ (၁၆) |
| ရပ်/ကျေး အုပ်ချုပ်ရေးအဖွဲ့ဝင်များ (၆၀) | နေ့စားလုပ်သားများ (၂၉၇) | ကုမ္ပဏီဝန်ထမ်းများ (၁၅) | မြေသိမ်းခံရသူများ (၅၈) |
| အစိုးရဝန်ထမ်း (၁၀၁) | အိမ်ရှင်မ (၂၉၁) | နိုင်ငံရေးပါတီဝင်များ (၁၃၄) | မြေမဲ့ /ယာမဲ့များ (၃၇) |
| ဓမ္မဆရာ - ၄၀ | ရှေ့နေ (၃) | အခြား ........... (၁၁၃) | မှတ်ချက်မပေးသူများ (၅၈၁) |

ပါဝင်ဖြေဆိုသူများ၏ အလုပ်အကိုင်၊ လုပ်ငန်းနယ်ပယ်ဆိုင်ရာ မေးခွန်းကို မေးရာတွင် ပါဝင်ဖြေဆိုသူများ၏ အများစုသည် တောင်သူလယ်သမား၊ နေ့စားလုပ်သားများနှင့် အိမ်ရှင်မ အများစုဖြစ်သည်ကို တွေ့ရပြီး မြေမဲ့၊ ယာမဲ့များ ၊ မြေသိမ်းခံရသူများ၊ ရွှေ့ပြောင်းလုပ်သားများ၊ လက်နက်ကိုင်အဖွဲ့အစည်းများဟု မိမိကိုယ်ကို သတ်မှတ်သည့် ပြည်သူများလည်း ပါဝင်ပူးပေါင်းဖြေဆိုသည်ကို တွေ့ရသည်။ ၎င်းအပြင် အလုပ်အကိုင်၊ လုပ်ငန်းနယ်ပယ်အား မည်သည့်မှတ်ချက်မှ မပေးသူ (၅၈၁) ဦးရှိခဲ့သည်။ ထို့ကြောင့် ယခုစစ်တမ်းအား ပါဝင်ဖြေဆိုသူများသည် အခြေခံပြည်သူလူထု အများစုဖြစ်ကြောင်း သုံးသပ်ရပါသည်။

## (၆)။ နေထိုင်ခဲ့သည့် နှစ်ကာလများ

| စဉ် | နှစ်ကာလ | လူဦးရေစုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | ၅ နှစ်အောက် | ၁၃၂ - ဦး | ၄.၆၀ - ရာခိုင်နှုန်း |
| ၂ | ၅ နှစ်မှ ၁၀ နှစ် အကြား | ၁၇၀ - ဦး | ၅.၉၃ - ရာခိုင်နှုန်း |
| ၃ | ၁၀ နှစ်မှ ၂၀ နှစ် အကြား | ၄၀၄ - ဦး | ၁၄.၁၀ - ရာခိုင်နှုန်း |
| ၄ | နှစ် ၂၀ အထက် | ၁၉၉၀ - ဦး | ၆၉.၄၈ - ရာခိုင်နှုန်း |
| ၅ | မဖြေဆိုသူ | ၁၆၈ - ဦး | ၅.၈၆ - ရာခိုင်နှုန်း |

အခြေခံစစ်တမ်းများအား ပါဝင်ဖြေဆိုကြသူအများစုဖြစ်သည့် ၆၉.၄၈ - ရာခိုင်နှုန်းသည် သက်ဆိုင်ရာ နယ်မြေဒေသတွင် မှီတင်းနေထိုင် အသက်မွေးဝမ်းကျောင်းပြုမှု နှစ်ပေါင်း ၂၀ အထိ ရှိကြသဖြင့် ၎င်းတို့၏ ကိုယ်ပိုင်ဖြတ်သန်းမှုအတွေ့အကြုံများ၊ စိတ်ခံစားချက်များ၊ သဘောထားအမြင်များနှင့် ထင်ဟပ်ချက်များသည် ဤအစီရင်ခံစာ ပြုစုရေးသားရန်၊ သုံးသပ်မှုများပြုရန်အတွက် အထောက်အပံ့ကောင်းများ ဖြစ်စေသည်။

## (၇)။ ဖြေဆိုသူများ၏ ဆန္ဒမဲပေးခဲ့မှု အတိုင်းအတာ

| မဲ မပေးခဲ့ဖူးသူ | တစ်ကြိမ် မှ နှစ်ကြိမ် | နှစ်ကြိမ်နှင့်အထက် |
|---|---|---|
| ၂၄၃ - ဦး | ၂၀၀၄ - ဦး | ၆၁၇ |
| ၈.၄၈ % | ၆၉.၉၇ % | ၂၁.၅၄ % |

ပါဝင်/ဝင်ရောက်ဖြေဆိုသူ ၂၈၆၄ ဦးအနက် ရွေးကောက်ပွဲအတွေ့အကြုံဆိုင်ရာ ဆန္ဒမဲပေးခြင်း အတွေ့အကြုံနှင့်ပတ်သက်၍ တစ်ကြိမ်နှင့်အထက် မဲပေးဖူးသူ ၂၆၂၁ ဦး ရာခိုင်နှုန်းအားဖြင့် (၉၁.၅၁%) ရှိသည်။ စစ်တမ်းအား ပါဝင်ဖြေဆိုသူများသည် အထွေထွေရွေးကောက်ပွဲများနှင့် ကြားဖြတ်ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးခြင်းအတွေ့အကြုံများ ရှိကြသူများဖြစ်ကြသည်။ ရွေးကောက်ပွဲနှင့်ပတ်သက်၍ အတွေ့အကြုံရှိသူ အများစုပါဝင်ဖြေဆိုထားသည့်အတွက် အချက်အလက်များအပေါ် သုံးသပ်မှုများ ပြုရန်အတွက် အထောက်အပံ့ကောင်းများ ဖြစ်စေသည်။

## (၅-၁) လူထုသဘောထားအမြင်များအပေါ်အရည်အချင်းအခြေခံ ခွဲခြားစိတ်ဖြာသုံးသပ်မှု Qualitative Research

### (၁)။ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်မှုများကို သိရှိရသည့် အရင်းအမြစ်များ

| | | |
|---|---|---|
| ဖုန်း၊ Facebook | ၁၀၄၀ | ၂၅.၅၀ % |
| လူထုအကြားပြောဆိုနေသည့်အတွက် ပြည်သူမှတဆင့်သိခြင်း | ၁၀၀၁ | ၂၄.၅၅ % |
| ရေဒီယို၊ ရုပ်မြင်သံကြား (ရုပ်သံသတင်းဌာနများ) | ၉၇၀ | ၂၃.၇၉ % |
| သတင်းစာ၊ ဂျာနယ် | ၄၆၃ | ၁၁.၃၈ % |
| အစည်းအဝေး၊ ဆွေးနွေးပွဲများ၊ သင်တန်းများ | ၃၇၅ | ၉.၁၉ % |
| အခြားဖြေဆိုမှုများ | ၁၅၇ | ၃.၈၅ % |
| မဖြေဆိုသူ | ၇၁ | ၁.၇၄ % |

*(မှတ်ချက်။ ။ဖြေဆိုသူ ၂၈၆၄ ဦးသည် တစ်ဦးလျှင် တစ်ခုထက်မကဖြေဆိုထားသည့်အတွက် ရာခိုင်နှုန်းကို ၄၀၇၇ဖြင့် တွက်ချက်ထားပါသည်။)*

ကိုယ်စားလှယ်များ၏ လုပ်ဆောင်ချက်များအား ပြည်သူများသိရှိနေသည့် အရင်းအမြစ်များမှာ ဖုန်း၊ Facebook စာမျက်နှာများ၊ လူထုအကြားပြောဆိုနေသည့်အတွက် ပြည်သူမှတဆင့်သိခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား (ရုပ်သံသတင်းဌာနများ) မှတစ်ဆင့် သိရှိမှုမှာ လူ ၁၀၀ လျှင် ၂၅ ရာခိုင်နှုန်း (၂၅ဦးခန့်) သိရှိသည့်ပုံစံဖြင့် အားကောင်းနေသော်လည်း နှင့် သတင်းစာ၊ ဂျာနယ်မှ သိရှိမှုမှာ (၁၁.၃၈%)၊ လူထုထိတွေ့သည့် အစည်းအဝေး၊ ဆွေးနွေးပွဲများ၏ လူ ၁၀၀ လျှင် သိရှိမှုမှာ ၉.၁၉ ရာခိုင်နှုန်း (၉ ဦးခန့်) သာ လုပ်ဆောင်ချက်သိရှိမှုကို အားပြုသိရှိသည့် အနေအထားဖြစ်ပါသည်။

### (၂)။ ပြည်သူလူထုမျှော်မှန်းသည့် လွှတ်တော်ကိုယ်စားလှယ်အရည်အချင်းများ

ရွေးကောက်ပွဲဥပဒေ၊ အခန်း(၅) တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများနှင့် ပတ်သက်သည့် အရည်အချင်းများကို ဖော်ပြထားသော်လည်း ပြည်သူများ၏ အရည်အချင်းသတ်မှတ်ချက်များနှင့် မျှော်မှန်းချက်များမှာ ပြည်သူများအကြား အဓိပ္ပါယ်အမျိုးမျိုးဖွင့်ဆိုမှုများ ရှိနေသည်။ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီစေကာမူ ပြည်သူ့လိုလားချက်များကို မူခြေတစ်ခုတွင် တည်ဆောက်နိုင်မှသာ လွှတ်တော်အမတ် ဖြစ်နိုင်လာနိုင်ချေများမည် ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် (သို့) ပြည်သူကိုယ်စားလှယ်ဖြစ်သည့် ပုဂ္ဂိုလ်များတွင် ရှိသင့်ရှိထိုက်သည့် အရည်အချင်းများအပေါ် ပြည်သူ့သဘောထားများကို လေ့လာရာတွင် အများစုသော ဖြေဆိုချက်များသည် လွှတ်တော်ကိုယ်စားလှယ်တွင် ရှိရမည့် အခြေခံကျင့်ဝတ်များနှင့် လူထုကိုယ်စားပြုမှုများအပေါ် မျှော်လင့်ချက်များဖြစ်ပြီး ကိုယ်ကျင့်တရား၊ ကိုယ်ကျင့်သိက္ခာနှင့် ဆက်စပ်နေသည့် စွမ်းရည်၊ ကိုယ်ရည်ကိုယ်သွေးအပေါ် မျှော်မှန်းချက်များကိုလည်း သဘောထားပေးထားကြသည်။

**လွှတ်တော်ကိုယ်စားလှယ်များတွင် ရှိရမည့်အရည်အချင်းများနှင့် ပတ်သက်၍ ပါဝင်ဖြေဆိုသူ (၄၅၀) ဦး၏အမြင်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။**

(၁) အကျင့်စာရိတ္တကောင်းပြီး၊ လူမှုဝန်ထမ်းစိတ်ရှိရမည်၊
(၂) စိတ်ထားကောင်းပြီး၊ ခိုင်မာတဲ့စိတ်ဓာတ်ရှိရမည်၊
(၃) ရိုးသားဖြောင့်မတ်ပြီး၊ ထက်မြက်မှုရှိရမည်၊
(၄) တာဝန်ယူ တာဝန်ခံမှုရှိပြီး၊ အဂတိတရားကင်းရှင်းရမည်၊
(၅) အမြော်အမြင်ရှိပြီး၊ နာသုံးနာဖြင့်ဆောင်ရွက်ရမည်၊
(၆) ဆက်ဆံရေးကောင်းမွန်ပြေပြစ်ပြီး၊ အပြန်အလှန်လေးစားမှုရှိရမည်၊
(၇) မျိုးချစ်စိတ်ရှိပြီး၊ နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာရှိရမည်၊
(၈) စည်းကမ်းရှိပြီး၊ လာဘ်မစားတဲ့သူ ဖြစ်ရပါမည်၊
(၉) ပြည်သူလူထုရဲ့အသံကို နားထောင်နိုင်စွမ်းရှိရမည်၊
(၁၀) ဒီမိုကရေစီစနစ်ကို ယုံကြည်ပြီး၊ လူ့အခွင့်အရေးကို လေးစားလိုက်နာသူဖြစ်ရမည်၊
(၁၁) မူဝါဒတွေချမှတ်တဲ့အခါ ပြည်သူကို ဗဟိုပြုဆောင်ရွက်နိုင်ရမည်၊
(၁၂) ချမှတ်ထားသည့် မူဝါဒတွေ ကောင်းစွာနားလည်ပြီး၊ အစိုးရအား Check and Balance လုပ်နိုင်ရမည်၊
(၁၃) နိုင်ငံရေးဖြတ်သန်းမှုနှင့် အတွေ့အကြုံရှိပြီး၊ မိမိကိုယ်တိုင်က ဘာ့ကြောင့်ကိုယ်စားလှယ်ဖြစ်လိုသည်ကို ကိုယ်တိုင်ရှင်းရှင်းလင်းလင်းသိရှိထားရမည်၊
(၁၄) မတူညီတဲ့ယဉ်ကျေးမှုတွေကို လေးစားတန်ဘိုးထားရမည်၊
(၁၅) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဆောင်ရွက်လိုသူဖြစ်ရမည်၊
(၁၆) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်၊
(၁၇) ဥပဒေပြုရေးကို ကောင်းစွာနားလည်ပြီး၊ နိုင်ငံနှင့် ပြည်သူလူထုအကျိုးကို ရှေ့ရှုဆောင်ရွက်ရမည်၊
(၁၈) ပညာအရည်အချင်း သင့်တင့်ရှိပြီး၊ အမှားနှင့် အမှန်ကို ဝေဖန်ပိုင်းခြားနိုင်တဲ့သူဖြစ်ရမည်၊
(၁၉) ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုရှိရမည်၊
(၂၀) ပြည်သူတွေရဲ့ အသံကို နားထောင်ပြီး၊ အမှန်တရားဘက်မှ ရပ်တည်၍ ရဲရဲဝံ့ဝံ့ ပြောဆိုတင်ပြဆွေး နွေးနိုင်သူဖြစ်ရမည်၊
(၂၁) ကျား/မ၊ အသားအရောင်၊ လူမျိုးနှင့် ဘာသာရေးဆိုင်ရာကိစ္စရပ်များတွင် ခွဲခြားဆက်ဆံခြင်းမရှိသူဖြစ်ရမည်၊
(၂၂) ကတိကဝတ်တွေကို ပြောထားတဲ့အတိုင်း ဆောင်ရွက်တတ်သူဖြစ်ရမည် ........... စသည်ဖြင့် ဖြေဆိုထားကြပါသည်။

အထက်ပါ အရည်အချင်းများကို ကြည့်ခြင်းအားဖြင့် လွှတ်တော်ကိုယ်စားလှယ်များအပေါ် ပြည်သူများအနေဖြင့် များစွာမျှော်လင့်နေသည်ကို တွေ့ရပြီးထမ်းဆောင်ရမည့်တာဝန်ယူမှု တာဝန်ခံမှုအပေါ်တွင်လည်းမူတည်၍သဘောထားပေးကြသည့်သဘောကိုတွေ့ရပါသည်။ သို့မှသာ လွှတ်တော်ဥက္ကဋ္ဌ နှင့် ဒုဥက္ကဋ္ဌများရွေးကောက်တင်မြှောက်ခြင်း၊ သမ္မတနှင့် ဒုသမ္မတများကိုရွေးချယ်တင်မြှောက်ခြင်း၊ ပြည်သူလူထုကို ကိုယ်စားပြုခြင်း၊ ဥပဒေပြုခြင်း၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များ၊ အပြန်အလှန်ထိမ်းညှိခြင်းများကို ကောင်းစွာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

စစ်တမ်းတွင် ပါဝင်ဖြေဆိုသူ အများစုမှာ စိတ်ပိုင်းဆိုင်ရာ အမူအကျင့်များနှင့်ပတ်သက်၍ အကျင့်စာရိတ္တကောင်းပြီး လူမှုဝန်ထမ်းစိတ်ရှိရမည်ဟု အများစုဖြေဆိုကြပြီး၊ စွမ်းဆောင်ရည်ပိုင်းနှင့် ပတ်သက်၍ ပြောဆိုမှုများကိုလည်း ကျယ်ကျယ်ပြန့်ပြန့်တွေ့ရပါသည်။ မည်သို့ပင်ဖြစ်စေ ပြည်သူလူထုမျှော်မှန်းသည့် လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းများမှာ ဥပဒေပါဖော်ပြချက်များထက် ကျော်လွန်၍ မျှော်မှန်းထားကြသည်ကို တွေ့ရှိရပါသည်။ ဥပဒေအရ ခွင့်ပြုထားသည့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိသူများမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်။

**ရွေးကောက်ပွဲဥပဒေ၊ အခန်း(၅) ဖော်ပြချက်များအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်**
**ရွေးကောက်တင် မြှောက်ခံပိုင်ခွင့်ရှိသူများမှာ**

(၁) အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည် –

(၂) တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်နှင့် ပြည်သူ့လွှတ်တော် အသက် ၂၅ နှစ်၊ အမျိုးသားလွှတ်တော် အသက် ၃၀ နှစ်ပြည့်ပြီး၊ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သူ၊

(၃) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့် အချိန်နှင့် တစ်ဆက်တည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် အနည်းဆုံး (၁၀) နှစ် အခြေချနေထိုင်သူ၊
ခြွင်းချက် ။ ။ နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ တရားဝင်သွားရောက်သည့် ကာလများကိုလည်း နိုင်ငံတော်တွင် ခြေချနေထိုင်ခဲ့သည့် ကာလအဖြစ် ထည့်သွင်းရေတွက်ရမည်။

(၄) နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသောနိုင်ငံသားဖြစ်သူ၊

(၅) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေတွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူ ........... စသည်ဖြင့် ဖော်ပြထားပါသည်။

## (၃)။ မဲပေးခြင်းဆိုင်ရာ အရင်းအမြစ်များ နှိုင်းယှဉ်မှု အခြေအနေ

| | | | |
|---|---|---|---|
| ၁ | သက်ဆိုင်ရာ ပါတီကို ထောက်ခံသောကြောင့် | ၁၆၉၄ | ၅၉.၁၄ % |
| ၂ | ရွေးကောက်ပွဲ ကတိကဝတ်များကို ယုံကြည်သောကြောင့် | ၅၁၀ | ၁၇.၈၀ % |
| ၃ | ကိုယ်စားလှယ်တစ်ဦးချင်း၏ နိုင်ငံရေး ဖြတ်သန်းမှုကို နှစ်သက်သောကြောင့် | ၄၅၁ | ၁၅.၇၄ % |
| ၄ | ပတ်ဝန်းကျင်မှ တိုက်တွန်းသောကြောင့် | ၁၂၈ | ၄.၄၆ % |
| ၅ | ဖိအားပေးခံရခြင်းကြောင့် | ၄၃ | ၁.၅၀ % |
| ၆ | အခြား ...... နိုင်ငံတော်အပြောင်းအလဲကို လိုချင်လို့၊ တာဝန်ရှိသည်ဟု ယူဆ၍၊ မဖြစ်မနေပေးရမယ်ဆိုလို့၊ အများကပေးနေလို့၊ မိမိဆန္ဒပါစေချင်လို့ | ၃၈ | ၁.၃၂ % |

၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး၏ ၇၀ % ရာခိုင်နှုန်းကျော် ပါဝင်မဲပေးခဲ့ကြပါသည်။ မဲပေးခဲ့ရသည့် အကြောင်းအရင်းများနှင့် ပတ်သက်ပြီး စစ်တမ်းအရ ဖြေဆိုသူ ၂၈၆၄ ဦး အနက် ၆၀ ရာခိုင်နှုန်းနီးပါး၏ မဲပေးခဲ့ရသည့် အဓိကအကြောင်းအရင်းမှာ သက်ဆိုင်ရာပါတီကို ထောက်ခံသောကြောင့်ဟု ဖြေဆိုကြပါသည်။ ရွေးကောက်ပွဲ ကတိကဝတ်များကို ယုံကြည်သောကြောင့်ဟု ဖြေဆိုသူများမှာ ၁၇ ရာခိုင်နှုန်းကျော်နှင့် ကိုယ်စားလှယ်တစ်ဦးချင်း၏ နိုင်ငံရေးဖြတ်သန်းမှုကို နှစ်သက်သောကြောင့်ဟု ဖြေဆိုသူများ မှာ ၁၅ ရာခိုင်နှုန်းကျော်မျှသာဖြစ်ပါသည်။ ဖိအားပေးခံရခြင်းကြောင့်ဟု ဖြေဆိုသူ ၄၃ ဦး (၁.၅၀ %) ဦး ဖြစ်ပြီး၊ အခြားဖြေဆိုမှုများမှာ နိုင်ငံတော်အပြောင်းအလဲကို လိုချင်လို့၊ တာဝန်ရှိသည်ဟု ယူဆလို့၊ မဖြစ်မနေပေးရမယ်ဆိုလို့၊ အများကပေးနေလို့၊ မိမိဆန္ဒပါစေချင်လို့ စသည်ဖြင့် သဘောထားပေးကြပါသည်။

## (၄)။ ရွေးကောက်ပွဲကတိကဝတ်များအပေါ်သိရှိမှုအတိုင်းအတာ

| ပေးခဲ့သည် | မ ပေးခဲ့ပါ | မသိပါ |
|---|---|---|
| ၁၂၇၃ - ဦး | ၆၃၅ - ဦး | ၉၅၆ - ဦး |
| ၄၄.၄၄ % | ၂၂.၁၇ % | ၃၃.၃၇ % |

ရွေးကောက်ပွဲကတိကဝတ်များ "ပေးခဲ့သည်" ဟု ဖြေဆိုသူများမှာ (၄၄ .၄၄%) ထက်ဝက်နီးပါးရှိပြီး "မပေးခဲ့ပါ" ဟုဖြေဆိုသူ (၂၂. ၁၇ %) ၊ မသိပါဟု ဖြေဆိုသူ (၃၃.၃၇ %) ဖြစ်ပါသည်။ သို့ဖြစ်၍ ၂၀၁၅ ခုနှစ်မဲပေးမှုကိုကြည့်လျှင် (မပေးခဲ့ပါ/မသိပါ) ဟု ဖြေဆိုသူများဖြစ်သည့် (၅၆ %) က "ကတိကဝတ်" ကြောင့် မဲပေးခြင်းထက် (၄၄ %) ထက်ပိုများနေသည်ဟု တွေ့ရပါသည်။

## (၅)။ လူထုအခက်အခဲများကို တင်ပြနိုင်ရန် စီမံဆောင်ရွက်ထားရှိမှု အခြေအနေ

| ရုံးခန်း (သို့) နေအိမ်တွင် | ဖုန်း / အီးမေးလ် | မရှိပါ | အခြား | မဖြေဆိုသူ |
|---|---|---|---|---|
| ၆၉၈ | ၈၀၉ | ၆၃၃ | ၂၅ | ၆၉၉ - ဦး |
| ၂၄.၃၇ % | ၂၈.၂၄ % | ၂၂.၁၀ % | ၀.၈၇% | ၂၄.၄၀ % |

လွှတ်တော်အသီးသီးကို တက်ရောက်လျက်ရှိကြသည့် လွှတ်တော်ကိုယ်စားလှယ်များသည် ယင်းတို့၏ မဲဆန္ဒနယ်များနှင့် ပတ်သက်၍ လည်းကောင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်တစ်ရပ်ဖြစ်သည့် နိုင်ငံတော်အစိုးရအဖွဲ့၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍သော်လည်းကောင်း လွှတ်တော်များအတွင်း၌ ကြယ်ပွင့်ပြ/မပြ မေးခွန်းမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းများကို ဆောင်ရွက်နိုင်ရန်အတွက် စတင်ဆောင်ရွက်ရမည့်အပိုင်းမှာ ပြည်သူလူထု၏အခက်အခဲများကို တင်ပြနိုင်ရန် စီမံဆောင်ရွက်ထားရှိမှု အခြေအနေပေါ်တွင် မူတည်ပါသည်။

ပြည်သူလူထု၏ အခက်အခဲပြဿနာများကို လွယ်ကူစွာ တင်ပြနိုင်ရန် စီမံဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ ရုံးခန်း (သို့မဟုတ်) နေအိမ်တွင် စီစဉ်ထားသည်ဟု ဖြေဆိုသူ ၆၉၈ ဦး (၂၄.၃၇ %)၊ ဖုန်း/ အီးမေးလ် မှတစ်ဆင့်ဟု ဖြေဆိုသူ ၈၀၉ ဦး (၂၈.၂၄ %)၊ မရှိပါဟု ဖြေဆိုသူ ၆၃၃ ဦး (၂၂.၁၀ %)၊ အခြားဖြေဆိုမှုများမှာ စာတိုက်ပုံး၊ ရပ်ကျေးမှတစ်ဆင့်၊ ကိုယ်တိုင်သွားရောက်တွေ့ဆုံခြင်း၊ facebook၊ အစည်းဝေး၊ လူထုတွေ့

ဆုံပွဲများမှတစ်ဆင့် တင်ပြခဲ့ကြပါသည်။ သဘောထားမပေးသူ ၆၉၉ ဦး (၂၄.၄၀ %) ဖြစ်ပြီး၊ ဖုန်းခေါ်ဆိုသော် လည်းမကိုင်၊ သူ့လူပဲရတယ်၊ သူနဲ့ရင်းနှီးနေတဲ့သူ၊ ပေးထားသောဖုန်းနံပါတ်များ ခေါ်ဆိုရန်ခက်ခဲ၊ ဘာမှစီမံထား ခြင်းမရှိ၊ ဖုန်းခေါ်၍ မရတော့ပါ စသည်ဖြင့် ဖြေဆိုထားပါသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များကို ပြည်သူများသိရှိရသည့် အရင်းအမြစ်များ နှင့် ပြည်သူလုလူထုအခက်အခဲများကို တင်ပြနိုင်ရန် စီမံဆောင်ရွက်ထားရှိမှုမှာ စစ်တမ်းကိန်းဂဏန်းများအရ ကိုယ်စားလှယ်များသည် ထိတွေ့နိုင်ရန်စီစဉ်မှုတွင် ရုံးခန်း၊ နေအိမ်နှင့် တွေ့ဆုံပွဲများတွင် ထိတွေ့မှု အားနည်းနေ ပြီး၊ ဖုန်း၊ အီးမေးလ်၊ လူမှုကွန်ရက်များကိုသာ အထိုက်အလျောက်အခြေခံထားပါသည်။

## (၆)။ လူထုတွေ့ဆုံပွဲများ ကျင်းပခဲ့သည့်အခြေအနေ

| တွေ့ဆုံပွဲများ ကျင်းပခဲ့သည် | တွေ့ဆုံပွဲများ မ ကျင်းပခဲ့ပါ | မသိပါ |
|---|---|---|
| ၁၁၀၈ - ဦး | ၁၀၉၄ - ဦး | ၆၆၂ - ဦး |
| ၃၈.၆၈ % | ၃၈.၁၉ % | ၂၃.၁၁ % |

လူထုတွေ့ဆုံပွဲများ ကျင်းပခြင်းနှင့် ပတ်သက်၍ ပါဝင် ဝင်ရောက်ဖြေဆိုသူ ၂၈၆၄ ဦးအနက် ၁၁၀၈ ဦး (၃၈.၆၈ %) သည်ကျင်းပသည်ဟု ဖြေဆိုထားပြီး၊ တွေ့ဆုံပွဲများ မ ကျင်းပခဲ့ပါဟု ဖြေဆိုသူများမှာ ၁၀၉၄ ဦး (၃၈.၁၉ %)၊ မသိပါဟု ဖြေဆိုသူ ၆၆၂ ဦး (၂၃.၁၁ %) ဖြစ်ကြပါသည်။ (မကျင်းပခဲ့ပါ/မသိပါ) ဟု ဖြေဆိုသူများ မှာ (၆၁ %)ကျော်ရှိသည့်အတွက် ကိုယ်စားလှယ်များ၏ လူထုတွေ့ဆုံပွဲများ ကျင်းပခဲ့မှုအပေါ် ပြည်သူလူထု သိရှိပါဝင်နိုင်မှု အားနည်းနေသေးသည်ဟု သုံးသပ်မိပါသည်။

## (၆-က)။ ကိုယ်စားလှယ်တွေ့ဆုံပွဲများတွင် ကိုယ်တိုင်တင်ပြတောင်းဆိုခဲ့သည့် အကြောင်းအရာများ

ပြည်သူလူထုနှင့် လွှတ်တော်ကိုယ်စားလှယ်တွေ့ဆုံပွဲများတွင် ကိုယ်တိုင်ဆွေးနွေးတောင်းဆိုခဲ့သည့် အကြောင်းအရာများနှင့် ပတ်သက်ပြီး ဖြေဆိုသူ (၁၂၄) ဦး၏အမြင်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) လျှပ်စစ်မီးရရှိရေးနှင့် လျှပ်စစ်အန္တရာယ်မှကင်းဝေးရန် မီးတိုင်များကို မြင့်မြင့်စိုက်ပြီး၊ စနစ်တကျ သွယ်တန်းပေးရန်

(၂) မီတာခဈေးကြီးနေခြင်းကို လျှော့ချပေးပါရန်

(၃) ကျေးရွာဆက်သွယ်ရေးလမ်းများ ကောင်းမွန်လာရေးနှင့် တံတားများတည်ဆောက်ပေးရန်

(၄) စစ်ဘေးရှောင်ဒုက္ခသည် စခန်းများအတွက် နေရာအမြန်ဆုံး ပြန်လည်ချထားပေးရန်

(၅) သိမ်းဆည်းခံမြေယာကိစ္စများ အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးရန်

(၆) လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ (၇) ရရှိရေးအတွက် ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့်အခက်အခဲများ ကို ကူညီဆောင်ရွက်ပေးရန်

(၇) ကျေးရွာလယ်ယာမြေပြဿနာများ အားဖြေရှင်းပေးရန်
(၈) လယ်ယာကဏ္ဍဖွံ့ ဖြိုးရေးအတွက် လယ်ယာကုန်ထုတ်လမ်း/ကုန်သွယ်ရေးလမ်းများ ဖောက်လုပ်ပေးရန်နှင့် သီးနှံဈေးနှုန်းထိန်းညှိပေးရန်
(၉) စာသင်ကျောင်းရရှိရေးနှင့် အဆင့်မြှင့်တင်ရေး၊ ဆရာ/ဆရာမများ လိုအပ်မှုအခြေအနေများနှင့် ပညာရေးကဏ္ဍ ကျေးရွာဖွံ့ ဖြိုးတိုးတက်ရေး
(၁၀) နွေရာသီသောက်သုံးရေ ရရှိရေးအတွက် ရေကန်နှင့် အဝီစိရေတွင်း တူးဖော်ပေးရန်
(၁၁) ကျေးလက်ဆေးပေးခန်းရရှိရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်လာအောင် ဆောင်ရွက်ပေးရန်
(၁၂) ပင်လယ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုခြင်းကို လုပ်ဆောင်ပေးရန်
(၁၃) မြစ်ဆုံရေကာတာတည်ဆောက်မှုပြီးရပ်ပြစ်ရန်
(၁၄) ဝန်ထမ်းအိမ်ယာတွင်နေရာပေးရန်
(၁၅) စာကြည့်တိုက်နှင့် ဈေးဖြစ်မြောက်ရေးအားအကူအညီပေးရန်
(၁၆) နိုင်ငံသားစိစစ်ရေးကတ် (မှတ်ပုံတင်) လဲလှယ်ခြင်းနှင့် လျှောက်ထားခြင်းများ ဆောင်ရွက်ရာတွင် အရင်အတိုင်း အခက်အခဲရှိနေခြင်းကို ဖြေရှင်းပေးရန်
(၁၇) လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်ထားမှုများမှာ အရင်အတိုင်း အခက်အခဲရှိနေခြင်းကို ဖြေရှင်းပေးရန်
(၁၈) မူးယစ်ဆေးဝါးရောင်းချနေသည်ကို ဖမ်းဆီးပေးရန်
(၁၉) ရေလုပ်သားများ ခံစားနေရသည့် အခွင့်အရေးချိုးဖောက်မှုများကို ကူညီဆောင်ရွက်ပေးရန်
(၂၀) Development project များကို FPIC လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရန်
(၂၁) အုတ်ဖုတ်လုပ်ငန်း စနစ်တကျလုပ်ကိုင်ခွင့် ရရှိရန်
(၂၂) အင်းတောင်အဝိုင်းကန်ပတ်လမ်း မပြီးသေးသောလမ်း ဆက်လက်ဆောင်ရွက်ပေးရန်နှင့် ရေလမ်းတွင် ဗေဒါပိတ်ဆို့မှု နည်းပါးစေရန် ဗေဒါထုတ်ချောင်းတူးပေးရန်
(၂၃) သက်ငယ်မုဒိန်းမှုနှင့် အိမ်တွင်းအကြမ်းဖက်မှုများနှင့် ပတ်သက်ပြီး အသိပညာပေးရန်
(၂၄) အမျိုးသမီးစွမ်းရည်မြှင့် သင်တန်းများ ကျင်းပပေးရန်
(၂၅) ဥပဒေချိုးဖောက်မှုကို တိုင်ကြားသော်လည်း ဆောင်ရွက်ခြင်းမရှိပါ
(၂၆) လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအားနည်းသောကြောင့် ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် စသည်ဖြင့် ဖြေဆိုထားကြပါသည်။

စစ်တမ်းအရ ကိုယ်စားလှယ်တွေ့ဆုံပွဲများတွင် တင်ပြတောင်းဆိုခဲ့သည့် အကြောင်းအရာများ၏ ၇၅% နှုန်းမှာ ဒေသဖွံ့ ဖြိုးရေးနှင့် သက်ဆိုင်သည့် အကြောင်းအရာများဖြစ်ကြပြီး အများဆုံး ဆွေးနွေးတင်ပြသည့် အကြောင်းအရာမှာ လျှပ်စစ်မီးရရှိရေးဖြစ်သည်။ လမ်း၊ တံတားနှင့် ပညာရေး၊ ကျန်းမာရေး အဆင့်မြှင့်တင်ပေးရန်၊ လယ်ယာကဏ္ဍဖွံ့ ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရန်၊ သိမ်းဆည်းခံလယ်ယာမြေပြဿနာများနှင့် အစိုးရရုံးများ၏ အကျင့်ပျက်ခြစားမှုများကို ဖြေရှင်းပေးရန်၊ စစ်ဘေးရှောင်ဒုက္ခသည် စခန်းများအတွက် နေရာအမြန်ဆုံး ပြန်လည်ချထားပေးရန်၊ မြစ်ဆုံရေကာတာစီမံကိန်းအပြီးတိုင်ရပ်ဆိုင်းရန် ဆွေးနွေးတင်ပြကြပြီး၊ သက်ငယ်မုဒိန်းမှု နှင့် အိမ်တွင်းအကြမ်းဖက်မှုများ၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအကြောင်းအရာများ၊ ဥပဒေများ၊ သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေးဆိုင်ရာလုပ်ငန်းများအား အသိပညာပေးရန် တောင်ဆိုဆွေးနွေးခဲ့ကြသည်ကို တွေ့ရှိရပါသည်။

## (၆-၁)။ ၄နှစ်ကျော်ကာလအတွင်း အကောင်အထည်ဖော်ခဲ့သည့်လုပ်ငန်းများ

လွှတ်တော်ကိုယ်စားလှယ်များ၏ ရွေးကောက်ပွဲကတိကဝတ်များအပေါ် အကောင်အထည်ဖေါ်မှုနှင့် ပတ်သက်ပြီး ဖြေဆိုသူ (၁၇၀) ဦး၏ အမြင်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် - လမ်း ၊ တံတား၊ လျှပ်စစ်မီး၊ စာသင်ကျောင်း၊ ခန်းမများ တည်ဆောက်ရေးလုပ်ငန်းများ ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်၊

(၂) ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ ဖော်ဆောင်မှုများတွင် ရခိုင်နှုန်းအပြည့်မဟုတ်သော်လည်း တတ်နိုင်သလောက် ဖော်ဆောင်မှုများ တွေ့ရသည်၊

(၃) အခြေခံဥပဒေ ပြင်ဆင်ရေးနှင့် ဥပဒေပြုရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပါသည်၊

(၄) ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသာပြန်လည်သင့်မြတ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ အဂတိတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးပပျောက်ရေး ဖော်ဆောင်မှုများလည်း တွေ့ရပါသည်၊

(၅) သဘာဝပတ်ဝန်းကျင် ထိမ်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျောက်မိုင်းများ ပိတ်သိမ်းခြင်း၊

## (၇)။ ဒေသဖွံ့ဖြိုးရေးဖော်ဆောင်မှုများနှင့် ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များအပေါ်ပြည်သူလူထုအမြင်များ

### (၇-က)။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအပေါ် ကိုယ်စားလှယ်များ၏ ပူးပေါင်းဆောင်ရွက်မှုအခြေအနေ

| ရှိသည် | မရှိပါ | မသိပါ |
|---|---|---|
| ၉၄၆ - ဦး | ၉၂၇ - ဦး | ၉၉၁ - ဦး |
| ၃၃.၀၃ % | ၃၂.၃၆ % | ၃၄.၆၀ % |

### (၇-ခ)။ လူထုလိုအပ်ချက်များနှင့်ကိုက်ညီသော ဖွံ့ဖြိုးရေးစီမံချက်များဖြစ်ပေါ်လာအောင် ညှိနှိုင်းဆောင်ရွက်ခြင်း

| ရှိသည် | မရှိပါ | မသိပါ |
|---|---|---|
| ၉၇၂ - ဦး | ၉၇၄ - ဦး | ၉၁၈ - ဦး |
| ၃၃.၉၃ % | ၃၄.၀၀ % | ၃၂.၀၅ % |

### (၇-ဂ)။ ဖွံ့ဖြိုးရေးစီမံချက်များအား စောင့်ကြည့်စစ်ဆေးခြင်း

| ရှိသည် | မရှိပါ | မသိပါ |
|---|---|---|
| ၈၄၀ - ဦး | ၉၈၆ - ဦး | ၁၀၃၈ - ဦး |
| ၂၉.၃၂ % | ၃၄.၄၂ % | ၃၆.၂၄ % |

ပြည်သူလူထုမှ လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြလိုသည့် အကြောင်းအရာအများစုမှာ ရပ်ရွာ အခြေခံလိုအပ်ချက်အများစုဖြစ်သည်ကို တွေ့ရပါသည်။ အကောင်အထည်ဖေါ်ခဲ့သည်ဟု ပြည်သူလူထုက သိနေသည်ဟု လက်ခံထားသော အရာများမှာ ကျန်းမာရေး၊ ပညာရေး၊ လျှပ်စစ်မီးရရှိရေး၊ လယ်ယာကဏ္ဍ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ အကတိတိုက်စားမှုတိုက်ဖျက်ရေး၊ ကျောက်မိုင်းများ ဖျက်သိမ်းခြင်း၊ ငြိမ်းချမ်း ရေးနှင့် အခြေခံဥပဒေပြင်ဆင်ရေးဟု ဖော်ပြထားသော်လည်း လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လူထု အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ လွှတ်တော်တွင်း အခက်အခဲများမေးမြန်းမှုနှင့် ဒေသ

တွင်း ဖြေရှင်းပေးမှုများအား "ရှိသည်" ဟု ဖြေဆိုသူ (၁/၃) သုံးပုံတစ်ပုံခန့်သာရှိပြီး၊ "မရှိပါ" ဟု ဖြေဆိုသူ (၃၀ %) နှင့် "မသိပါ" ဟု ဖြေဆိုသူ (၄၅ %) ဖြစ်ပါသည်။ "မရှိပါ ၊ မသိပါ" ဟုဖြေဆိုသူများမှာ (၂/၃) သုံးပုံနှစ်ပုံခန့်ဖြစ်နေသောကြောင့် ထိုကိစ္စရပ်များတွင် ကိုယ်စားလှယ်များ၏ စွမ်းဆောင်မှုလျော့နည်းနေသည်ကို သိသာထင်ရှားစွာတွေ့ရသည်။

ပြည်သူလူထု ထောက်ခံမှုရရှိသော ကိုယ်စားလှယ်များသည် ၎င်းတို့မဲဆန္ဒရှင်များ၏ ၁/၃ သုံးပုံတစ်ပုံ (၃၃ %) ကသာ အသိအမှတ်ပြုခြင်းခံရသည့် သဘောဖြစ်သည်။ ထို့အပြင် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ပိုမိုဖြေရှင်းစေလိုသော ပြည်သူများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အရေးပါမှုကို ၁/၃ သုံးပုံတစ်ပုံကသာ အသိအမှတ်ပြုနားလည်နေပြီး လူထုလိုအပ်ချက်အတိုင်းဖြစ်သော ဖွံ့ဖြိုးရေးစီမံချက်များဖြစ်ပေါ်လာစေရန် ကိုယ်စားလှယ်များမှ ညှိနှိုင်းဆောင်ရွက်မှုနှင့် စောင့်ကြည့်စစ်ဆေးမှုပြုလုပ်ခြင်းအား သိရှိထားသူများမှာလည်း ၁/၃ သုံးပုံတစ်ပုံ ဝန်းကျင်ခန့်သာ တွေ့ရပါသည်။

## (၈)။ ပြည်သူလူထု၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်မှု အခြေအနေ

### (၈–က)။ ပြည်သူလူထု၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်ခြင်း

| ရှိသည် | မရှိပါ | မသိပါ |
|---|---|---|
| ၉၆၀ – ဦး | ၁၀၁၅ – ဦး | ၈၈၉ – ဦး |
| ၃၃.၅၁ % | ၃၅.၄၃ % | ၃၁.၀၄ % |

### (၈–ခ)။ ဒေသတွင်းအခက်အခဲများကို လွှတ်တော်တွင် မေးခွန်းမေးခြင်း နှင့် တင်ပြဆွေးနွေးခြင်း

| ရှိသည် | မရှိပါ | မသိပါ |
|---|---|---|
| ၇၃၂ – ဦး | ၈၈၂ – ဦး | ၁၂၅၀ – ဦး |
| ၂၅.၅၅ % | ၃၀.၇၉ % | ၄၃.၆၄ % |

ဒေသတွင်းဖြစ်ပေါ်နေသည့် အခက်အခဲပြဿနာများကို ပြည်သူလူထု၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်ပြီး လွှတ်တော်တွင်မေးခွန်းမေးခြင်း၊ ဆွေးနွေးတင်ပြခြင်းများအပေါ် သိရှိသူများမှာ ယေဘုယျအားဖြင့် "ရှိသည်" ဟု ဖြေဆိုသူ (၃၀ %) ဖြစ်ပါသည်။ "မရှိပါ" ဟု ဖြေဆိုသူ (၃၃ %) နှင့် "မသိပါ" ဟု ဖြေဆိုသူ (၃၇ %) ဖြစ်ပြီး မရှိပါ၊ မသိပါဟု ဖြေဆိုသူများမှာ (၇၀ %) ဖြစ်သည့်အတွက် ကိုယ်စားလှယ်များ၏ စွမ်းဆောင်မှု လျော့နည်းနေသည်ကို တွေ့ရသည်။

## (၉)။ အငြင်းပွားမှု ကိစ္စရပ်များဆိုင်ရာ ဖြေရှင်းဆောင်ရွက်မှု အခြေအနေ

### (၉–က)။ အငြင်းပွားမှုများတွင် ကိုယ်စားလှယ်များ ကြားဝင်ညှိနှိုင်း ဆောင်ရွက်ခြင်း (ပြည်သူလူထု၊ တပ်မတော်၊ ကုမ္ပဏီ)

| ရှိသည် | မရှိပါ | မသိပါ |
|---|---|---|
| ၄၁၆ – ဦး | ၉၉၁ – ဦး | ၁၄၅၇ – ဦး |
| ၁၄.၅၂ % | ၃၄.၆၀ % | ၅၀.၈၇ % |

(၉–ခ)။ လယ်ယာမြေ အငြင်းပွားမှု/ပြဿနာများအား တင်ပြရာတွင် အကြံပေးလမ်းညွှန်မှုများ ဆောင်ရွက်ခြင်း

| ရှိသည် | မ ရှိပါ | မသိပါ |
|---|---|---|
| ၇၆၇ – ဦး | ၁၀၆၅ – ဦး | ၁၀၃၂ – ဦး |
| ၂၆.၇၈ % | ၃၇.၁၈ % | ၃၆.၀၃ % |

(၉–ဂ)။ အလုပ်ရှင်အလုပ်သမား အငြင်းပွားမှုပြဿနာများကို ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ညှိနှိုင်းဆောင်ရွက် ပေးခြင်း

| ရှိသည် | မ ရှိပါ | မသိပါ |
|---|---|---|
| ၄၁၂ – ဦး | ၁၀၁၄ – ဦး | ၁၄၃၈ – ဦး |
| ၁၄.၃၈ % | ၃၅.၄၀ % | ၅၀.၂၀ % |

အငြင်းပွားမှု ပြဿနာများအပေါ် အကြံပေးလမ်းညွှန်မှုများနှင့် ပတ်သက်ပြီး ဆောင်ရွက်နေမှုများ အပေါ်ယေဘုယျအားဖြင့် "မရှိပါ/မသိပါ" ဟု ဖြေဆိုသူများမှာ (၇၃%) ကျော်ဖြစ်ပြီး၊ အလုပ်ရှင်နှင့် အလုပ်သမား အကြား ညှိနှိုင်းပေးမှုကို သိရှိသူမှာ (၁၅ %) ပင်မရှိပါ။ အထူးသဖြင့် အငြင်းပွားမှုဖြေရှင်းပေးခြင်း (တပ်၊ ကုမ္ပဏီ၊ လယ်ယာကိစ္စရပ်များ) တွင် "မရှိပါ" ဟု ဖြေဆိုသူ (၃၇%) ကျော်နှင့် "မသိပါ" ဟု ဖြေကြားသူ (၅၀ %) ကျော် ပင်ရှိနေသည်ကို တွေ့ရပါသည်။

## ၁၀။ ဥပဒေပြုရေးလုပ်ငန်းများ ဆောင်ရွက်မှုအပေါ် သိရှိမှုအတိုင်းအတာ

(၁၀–က)။ ဥပဒေပြုရေးဆိုင်ရာ အကြံပြုဆွေးနွေးပွဲများ ကျင်းပခြင်း

| ရှိသည် | မရှိပါ | မသိပါ |
|---|---|---|
| ၃၈၈ – ဦး | ၁၂၆၉ – ဦး | ၁၂၀၇ – ဦး |
| ၁၃.၅၄ % | ၄၄.၃၀ % | ၄၂.၁၄ % |

(၁၀–ခ)။ ဥပဒေကြမ်းများအား ပြန်လည်ဆွေးနွေးခြင်းနှင့် အကြံပြုချက်တောင်းခံခြင်း

| ရှိသည် | မ ရှိပါ | မသိပါ |
|---|---|---|
| ၂၇၃ – ဦး | ၁၃၅၆ – ဦး | ၁၂၃၅ – ဦး |
| ၉.၅၃ % | ၄၇.၃၄ % | ၄၃.၁၂ % |

(၁၀–ဂ)။ ပြဋ္ဌာန်းပြီး ဥပဒေ (၁၂၉) တွင် မိမိတို့ မဲဆန္ဒနယ်မြေကိုယ်စားလှယ်များမှ အဆိုပြုတင်ပြ ဆွေးနွေးခြင်း

| ရှိသည် | မ ရှိပါ | မသိပါ |
|---|---|---|
| ၂၉၆ – ဦး | ၈၆၂ – ဦး | ၁၇၀၆ – ဦး |
| ၁၀.၃၃ % | ၃၀.၀၉ % | ၅၉.၅၆ % |

(၁၀–ဃ)။ နည်းဥပဒေမထွက်ရှိသောဥပဒေများအတွက် နည်းဥပဒေထွက်ပေါ်လာစေရန် တိုက်တွန်းဆွေးနွေးခြင်း

| ရှိသည် | မရှိပါ | မသိပါ |
|---|---|---|
| ၂၆၂ - ဦး | ၁၀၆၄ - ဦး | ၁၅၃၈ - ဦး |
| ၉.၁၄% | ၃၇.၁၅ % | ၅၃.၇၀ % |

(၁၀–င)။ ပြဋ္ဌာန်းပြီးဥပဒေများကိုပြည်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

| ရှိသည် | မရှိပါ | မသိပါ |
|---|---|---|
| ၃၃၃ - ဦး | ၁၃၆၆ - ဦး | ၁၁၆၅ - ဦး |
| ၁၁.၆၂ % | ၄၇.၆၉ % | ၄၀.၆၇ % |

(၁၀–စ)။ ဒေသန္တရရွေးချယ်ပွဲများတွင် ဒီမိုကရေစီစံချိန်စံနှုန်းများနှင့်
မကိုက်ညီသည့် စည်းကမ်းချက်များကိုပြင်ဆင်ရန် ဆောင်ရွက်ခြင်း

| ရှိသည် | မရှိပါ | မသိပါ |
|---|---|---|
| ၂၇၆ - ဦး | ၁၀၀၄ - ဦး | ၁၅၈၄ - ဦး |
| ၉.၆၃ % | ၃၅.၀၅ % | ၅၅.၃၀ % |

လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေပြုရေးသာမက အစိုးရ၏ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ ကောင်းမွန်ချောမွေ့လာစေရန်အတွက် လုပ်ထုံးလုပ်နည်းနှင့် ကျင့်ထုံးများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများကို ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ အမြင်နှင့် အယူအဆများကို လွတ်လပ်စွာ အကြံပြုတင်ပြခွင့်ရရှိခြင်းနှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုပါဝင်မှုကို ဖော်ဆောင်ရန် တာဝန်ရှိပြီး၊ ပြဋ္ဌာန်းပြီးသော ဥပဒေများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် အရေးကြီးသည့် အခန်းကဏ္ဍတစ်ရပ်အဖြစ် ဆောင်ရွက်ရမည်ဖြစ်သည်။

စစ်တမ်းအရ ဥပဒေပြုရေးလုပ်ငန်းများ ဆောင်ရွက်မှုများနှင့် ပတ်သက်ပြီး အကြံပြုချက်တောင်းခံခြင်း၊ အကြံပြု ဆွေးနွေးပွဲများ ကျင်းပခြင်း၊ ဥပဒေကြမ်းများအား ပြန်လည်ဆွေးနွေးခြင်းနှင့် ပြဋ္ဌာန်းပြီးဥပဒေများကို အသိပညာပေးခြင်းတို့အား ဆောင်ရွက်မှုကို သိရှိသူများမှာ ယေဘုယျအားဖြင့် (၁၅ %) ပင်မကျော်ပါ။ ဥပဒေအဆိုပြုခြင်းနှင့် နည်းဥပဒေများ ပြဋ္ဌာန်းရန် ကြိုးပမ်းခြင်းများကို သိရှိသူမှာ (၁၀ %) ခန့်သာရှိသည်။ ဥပဒေပညာပေးမှုလုပ်ဆောင်ပေးသည်ကို သိရှိသူမှာလည်း (၁၂ %) ပင်ရှိသည်။

ဤသည်ကိုကြည့်လျှင် လွှတ်တော်ကိုယ်စားလှယ်များအနေနှင့် ဥပဒေဆိုင်ရာကိစ္စများ လွှတ်တော်တွင် ဆောင်ရွက်ထားမှုများ ရှိသည်ဆိုလျှင်ပင် ပြည်သူလူထု၏ ပါဝင်မှုနည်းပါးခြင်း၊ ပြန်လည်အသိပညာပေးမှုနည်းပါးခြင်းတို့ကို စစ်တမ်းအရသိရှိရပါသည်။ ဒေသန္တရရွေးချယ်ပွဲများဖြစ်သည့် မြူနီစပယ်နှင့် ရပ်ကျေးရွေးချယ်ပွဲများအား ဒီမိုကရေစီစံနှုန်းနှင့် ပြည့်မီအောင် ဆောင်ရွက်မှုများ ပြုသည်ဟု သိနားလည်ထားသူမှာလည်း ၁၀% မျှသာရှိသည်။

## (၁၁)။ အစိုးရအား ထိန်းကျောင်းခြင်းအပေါ် သိရှိမှုအတိုင်းအတာ

(၁၁–က)။ ဌာနဆိုင်ရာရုံးများနှင့် လူထုကြား ဖြစ်ပေါ်နေသည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြဿနာများအား ပြင်ဆင်ဖြည့်စွက်ရန် ထောက်ပြဝေဖန်ခြင်းနှင့် ဆွေးနွေးခြင်း

| ရှိသည် | မရှိပါ | မသိပါ |
|---|---|---|
| ၃၇၁ – ဦး | ၁၀၆၀ – ဦး | ၁၄၃၃ – ဦး |
| ၁၂.၉၅ % | ၃၇.၀၁ % | ၅၀.၀၃ % |

(၁၁–ခ)။ လာဘ်ပေး၊ လာဘ်ယူမှုပပျောက်ရေးအတွက် လူထုနှင့်ပူးပေါင်းဆောင်ရွက်ခြင်း

| ရှိသည် | မရှိပါ | မသိပါ |
|---|---|---|
| ၃၃၅ – ဦး | ၁၁၁၈ – ဦး | ၁၄၁၁ – ဦး |
| ၁၁.၆၉ % | ၃၉.၀၃ % | ၄၉.၂၆ % |

(၁၁–ဂ)။ ရဲလုပ်ငန်းနှင့် တရားရေး ဝန်ထမ်းများ၏ လုပ်ထုံးလုပ်နည်း အားနည်းချက်များကြောင့် အငြင်းပွား စရာအကြောင်း ကိစ္စများကို ကူညီဆောင်ရွက်ပေးခြင်း

| ရှိသည် | မရှိပါ | မသိပါ |
|---|---|---|
| ၃၇၂ – ဦး | ၁၀၀၂ – ဦး | ၁၄၉၀ – ဦး |
| ၁၂.၉၈ % | ၃၄.၉၈ % | ၅၂.၀၂ % |

(၁၁–ဃ)။ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ (၇) ရရှိရေး လျှောက်ထားရာတွင် ကြန့်ကြာနေသည့်အပေါ် ဆောင်ရွက်ခြင်း

| ရှိသည် | မရှိပါ | မသိပါ |
|---|---|---|
| ၆၀၁ – ဦး | ၁၀၈၃ – ဦး | ၁၁၈၀ – ဦး |
| ၂၀.၉၈ % | ၃၇.၈၁ % | ၄၁.၂၀ % |

(၁၁–င)။ အစိုးရရုံးဝန်ထမ်းများ၏ အာဏာအလွဲသုံးစား ပြုကျင့်မှုများအပေါ် တိုင်ကြားခြင်း

| တိုင်ကြားခဲ့ဖူးပါသည် | မတိုင်ကြားခဲ့ပါ | မသိပါ |
|---|---|---|
| ၂၃၁ – ဦး | ၁၈၀၆ – ဦး | ၈၂၇ – ဦး |
| ၈.၀၆ % | ၆၃.၀၅ % | ၂၈.၈၇ % |

အစိုးရအားထိန်းကျောင်းခြင်းဆိုင်ရာ လုပ်ငန်းများတွင် ကိုယ်စားလှယ်များ၏ ပါဝင်ဆောင်ရွက်မှုကို သိရှိသူ (၁၅ % ) ပင်မပြည့်ပါ။ အစိုးရရုံးများတွင် ရုံးဝန်ထမ်းများ၏ အာဏာအလွဲသုံးစားပြု မာန်မဲခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ အကြောင်းအမျိုးမျိုးပြ အချိန်ဆွဲမှုများအပေါ် ကိုယ်စားလှယ်များအား တိုင်ကြားခြင်း ပတ်သက်၍ – "တိုင်ကြားခဲ့သည်" ဟု ဖြေဆိုသူ ၂၃၁ ဦး (၈.၀၆ %)၊ "မတိုင်ကြားခဲ့ပါ" ဟု ဖြေဆိုသူ ၁၈၀၆ ဦး (၆၃.၀၅ %)၊ "မသိပါ" ဟုဖြေဆိုသူ ၈၂၇ ဦး (၂၈.၈၇ %) ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူဘက်မှ ရပ်တည်၍ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အားနည်းသည်ဟု သုံးသပ်ရပေမည်။

## (၁၁-၈)။ အစိုးရရုံးများတွင် ရုံးဝန်ထမ်းများ၏ အာဏာအလွဲသုံးစားပြုမှုအပေါ် တိုင်ကြားခြင်း

အစိုးရရုံးများတွင် ရုံးဝန်ထမ်းများ၏ အာဏာအလွဲသုံးစားပြု မာန်မဲခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ အကြောင်းအမျိုးမျိုးပြ အချိန်ဆွဲမှုများကို ကိုယ်စားလှယ်များအား တိုင်ကြားခဲ့ဖူးသူ (၂၃၁) ဦး၏ ဖြေဆိုမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်၊

(၁) သက်ဆိုင်ရာဌာနသို့ လွှတ်တော်ကိုယ်စားလှယ်မှ ဖုန်းဆက်အကြောင်းကြား၊ ညှိနှိုင်းပေးခဲ့သည်၊

(၂) လဝကအား တိုင်ခဲ့ရာတွင် တိုင်းဒေသကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့မှ ညှိနှိုင်းပေးခဲ့ပါ သည်၊

(၃) ဥပဒေနှင့်အညီ မှန်ကန်စွာ စစ်ဆေးအရေးယူဆောင်ရွက်ခဲ့ပါသည်။ တိုင်ကြားခံရသူ အလုပ်ဖြုတ်အရေးယူပေးပါသည်၊

(၄) မြေစာရင်းဝန်ထမ်းတစ်ဦးနှင့် ခရိုင်လူကြီးတစ်ဦးကို လိုအပ်သလို စစ်ဆေးအရေးယူရန် အထက်အဆင့်သို့ တိုင်ကြားခဲ့ဖူးပါသည်၊

(၅) ကျေးရွာအုပ်ချုပ်ရေးမှူးမှ ခွဲတမ်းကြေးတောင်းခံခြင်း၊ ရွာဆော်ခတောင်းခံခြင်း၊ ရွာမှဖယ်ကြဉ်ခြင်း စသည်များကို တိုင်ကြားခဲ့ပါသည်၊

(၆) တည်ဆဲဥပဒေနှင့်အညီ ဌာနဆိုင်ရာ အဆင့်ဆင့်သို့ တင်ပြခဲ့ပါသည်။ ကိုယ်စားလှယ်ထံ မိတ္တူပေးခဲ့ပြီး အကူအညီတောင်းခဲ့သည်၊

(၇) လယ်ယာမြေပြဿနာ တိုင်ကြားရာတွင် သက်ဆိုင်ရာဌာနသို့ ဖုန်းဆက်အကြောင်းကြားပေးခဲ့သည်၊

(၈) တပ်မှသိမ်းဆည်းခံရသည့် ဥယျာဉ်မြေကိစ္စများ ဆောင်ရွက်ပေးခြင်းမရှိပါ၊

(၉) သိမ်းဆည်းခံမြေ လုပ်ကိုင်ခွင့်ရလိုကြောင်း တိုင်ကြားခဲ့ပါသည်၊

(၁၀) မှတ်ပုံတင်ကိစ္စ တိုင်ကြားဖူးပါသည်။ အဆင်မပြေပါ၊

(၁၁) နောင်ကိုတင်ပြမည်ဟုသာ နှစ်သိမ့်ခံခဲ့ရပါသည်၊

(၁၂) လွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံချိန်တွင် တင်ပြဆွေးနွေးထားသော်လည်း ယနေ့ထိ အရေးယူဆောင်ရွက်မှုမတွေ့ရပါ၊

(၁၃) စာတင်ဟုသာ ပြောဆိုအဆုံးသတ်ပါသည်။ အားမရပါ၊

(၁၄) တိုင်ကြားခဲ့သော်လည်း တိုင်ကြားစာလက်ခံမှုမှတပါး ယနေ့ထိ အကြောင်းပြန်ခြင်းမရှိပါ၊

(၁၅) ကျောက်မိုင်းကိစ္စ - ပိတ်ပေးမည်ဆိုပါသည်။ ဘာမှမထူးပါ၊

(၁၆) အမှုကိစ္စမတရားခံရမှု တိုင်ကြားသော်လည်း ကူညီဆောင်ရွက်ပေးခြင်းမရှိပါ။

တိုင်ကြားခဲ့ဖူးသူများ၏ ဖြေဆိုမှုများအရ လူဝင်မှုကြီးကြပ်ရေးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းအင်းဌာန၊ မြေစစ်ကော်မတီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တရားရေးဌာနတို့တွင် အဖြစ်များနေသည့် သဘောတွေ့ရပါသည်။ ပြည်သူလူထုအနေဖြင့် ယခုလို ခေတ်ပြောင်းစနစ်ပြောင်းသည့်ကာလနှင့် ပြည်သူ့ဗဟိုပြု အစိုးရတက်ရောက်လာချိန်တွင် အစိုးရဌာနဆိုင်ရာရုံးဝန်ထမ်းများအနေဖြင့် ယခင်အစိုးရများ၏အမူအကျင့်များကို ဆက်လက်ကျင့်သုံးနေဆဲ ဖြစ်သည်ကိုတွေ့ရပါသည်။ ပြည်သူလူထုအပေါ်ဝန်ဆောင်မှုပေးသည့် ပုံစံမျိုးပြောင်းလဲကျင့်သုံးရန် ပြည်သူလူထုတစ်ရပ်လုံးမှ လိုလားလျက်ရှိရာ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ပထမဦးစားပေးဆောင်ရွက်ရမည့် အကြောင်းအရာတစ်ရပ်အဖြစ် ထည့်သွင်းဆောင်ရွက်သင့်သည် ဟု သုံးသပ်မိပါသည်။

## ၁၂။ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်ခဲ့စဉ် အကူအညီပေးဆောင်ရွက်မှုအခြေအနေ

| ရှိသည် | မရှိပါ | မသိပါ |
|---|---|---|
| ၁၂၉၃ - ဦး | ၈၁၈ - ဦး | ၇၃၅ - ဦး |
| ၄၅.၁၄ % | ၂၈.၅၆ % | ၂၅.၆၆ % |

ဒေသတွင်းသဘာဝဘေးအန္တရာယ် ဖြစ်ပေါ်ခဲ့စဉ်က ပြည်သူလူထု အခက်အခဲများကို အကူအညီပေးဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဖြေဆိုသူ ၂၈၆၄ ဦး၏ သဘောထားအမြင်များမှာ "ရှိသည်" ဟု ဖြေဆိုသူ ၁၂၉၃ ဦး (၄၅.၁၄ %)၊ "မရှိပါ" ဟု ၈၁၈ ဦး (၂၈.၅၆ %)၊ "မသိပါ" ဟု ဖြေဆိုသူ ၇၃၅ ဦး (၂၅.၆၆ %) ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များအနေနှင့် ကယ်ဆယ်ရေးကိစ္စများတွင် ပိုမိုတက်ကြွစွာ ဆောင်ရွက်သည်ဟု သုံးသပ်ရပေမည်။

## ၁၃။ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ

(၁၃-က)။ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း

| ရှိသည် | မရှိပါ | မသိပါ |
|---|---|---|
| ၆၅၅ - ဦး | ၁၀၅၁ - ဦး | ၁၁၅၈ - ဦး |
| ၂၂.၈၇ % | ၃၆.၆၉ % | ၄၀.၄၃ % |

(၁၃-ခ)။ သဘာဝပတ်ဝန်းကျင် ထိမ်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း

| ရှိသည် | မရှိပါ | မသိပါ |
|---|---|---|
| ၁၀၁၁ - ဦး | ၈၉၁ - ဦး | ၉၆၂ - ဦး |
| ၃၅.၃၀ % | ၃၁.၁၁% | ၃၃.၅၈ % |

(၁၃-ဂ)။ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီစနစ် အားကောင်း ခိုင်မာရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း

| ရှိသည် | မရှိပါ | မသိပါ |
|---|---|---|
| ၄၉၆ - ဦး | ၁၂၁၃ - ဦး | ၁၁၅၅ - ဦး |
| ၁၇.၃၁ % | ၄၂.၃၅ % | ၄၀.၃၂ % |

(၁၃-ဃ)။ လွှတ်တော်ဖွဲ့စည်းပုံ၊ လည်ပတ်ပုံနှင့် အလုပ်လုပ်ပုံများကို အသိပညာပေး ဆောင်ရွက်ခြင်း

| (၁၃ -ဃ)။ ရှိသည် | မရှိပါ | မသိပါ |
|---|---|---|
| ၄၁၁ - ဦး | ၁၃၀၇ - ဦး | ၁၁၄၆ - ဦး |
| ၁၄.၃၅ % | ၄၅.၆၃ % | ၄၀.၀၁ % |

(၁၄-င)။ လွှတ်တော်သို့ လာရောက်လေ့လာရန် အသိပေး ဖိတ်ခေါ်ခြင်း

| (၁၄ -င)။ ရှိသည် | မရှိပါ | မသိပါ |
|---|---|---|
| ၃၅၉ - ဦး | ၁၃၉၈ - ဦး | ၁၁၀၇ - ဦး |
| ၁၂.၅၃ % | ၄၈.၈၁ % | ၃၈.၆၅ % |

ပြည်သူလူထု၏ နိုင်ငံရေးအသိကို မြှင့်တင်ရန်အတွက် လွှတ်တော် ဖွဲ့စည်းပုံ၊ လည်ပတ်ပုံ၊ အလုပ်လုပ်ပုံနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍကို ပြည်သူများ နားလည်သိရှိစေရန် အသိပညာပေးဆောင်ရွက်မှုများအပေါ် "ရှိသည်" ဟု ဖြေဆိုသူများမှာ (၁၅ %) ပင်မကျော်ပါ။ ကိုယ်စားလှယ်များအနေဖြင့် မူးယစ်ဆေးဝါးဆိုင်ရာ (၂၂%)၊ သဘာဝပတ်ဝန်းကျင် ထိမ်းသိမ်းရေးဆိုင်ရာ (၃၅%)၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီဆိုင်ရာ (၁၇ %)၊ ဥပဒေပြဋ္ဌာန်းခြင်းဆိုင်ရာ (၁၂ %) ဖြစ်ကြပြီး (ပျမ်းမျှ ၂၀ %) ကျော် ဖြစ်ပါသည်။ "မရှိပါ" ဟု ဆိုသူများမှာ (၃၈ %) နှင့် "မသိပါ" ဟု ဖြေဆိုသူများမှာ (၃၈ %) ဖြစ်သည့်အတွက် "မရှိပါ/မသိပါ" ဟု ဖြေဆိုသူများမှာ (၇၆ %) အများအပြားရှိနေရာ လွှတ်တော်ကိုယ်စားလှယ်များအနေနှင့် လူထုအား ပညာပေးမှုတွင် အားနည်းနေသည်ဟု သုံးသပ်ရပေမည်။

## ၁၄။ ကိုယ်စားလှယ်များ၏ ကျော်စောသတင်းထွက်ရှိနေသည့်ပေါ် သိရှိမှုအတိုင်းအတာ

(၁၄–က)။ ပြည်သူများ၏ တင်ပြချက်များကို အကြောင်းပြချက်မခိုင်လုံပဲ ငြင်းပယ်ခြင်း

| ရှိသည် | မရှိပါ | မသိပါ |
|---|---|---|
| ၃၆၀ – ဦး | ၈၉၉ – ဦး | ၁၆၀၅ – ဦး |
| ၁၂.၅၆ % | ၃၁.၃၈% | ၅၆.၀၄ % |

(၁၄–ခ)။ အဂတိလိုက်စားမှုတွင် ပါဝင်ပတ်သက်မှုများ

| ရှိသည် | မရှိပါ | မသိပါ |
|---|---|---|
| ၄၆၁ – ဦး | ၉၁၉ – ဦး | ၁၄၈၄ – ဦး |
| ၁၆.၀၉ % | ၃၂.၀၈ % | ၅၁.၈၁ % |

(၁၅–ဂ)။ လူမှုရေးအရှုပ်အရှင်းကိစ္စရပ်များတွင် ဘက်လိုက် ရပ်တည်ခြင်း၊ ကိုယ်တိုင်ပါဝင်ပတ်သက်ခြင်း

| ရှိသည် | မရှိပါ | မသိပါ |
|---|---|---|
| ၃၄၃ – ဦး | ၁၀၁၉ – ဦး | ၁၅၀၂ – ဦး |
| ၁၁.၉၇ % | ၃၅.၅၄ % | ၅၂.၄၄ % |

(၁၄–ဃ)။ မဲဆန္ဒရှင်ပြည်သူလူထုအား ရိုင်းပြစော်ကားခြင်းဖြစ်ရပ်များ

| ရှိသည် | မရှိပါ | မသိပါ |
|---|---|---|
| ၂၂၆ – ဦး | ၁၃၉၁ – ဦး | ၁၂၄၇ – ဦး |
| ၇.၈၉ % | ၄၈.၅၆ % | ၄၃.၅၄ % |

(၁၄–င)။ (ဘာသာရေး၊ လူမျိုးရေး၊ ကျား/မ၊ အသားအရောင်) တစ်မျိုးမျိုး တွင် ခွဲခြားဆက်ဆံသည့် ဖြစ်ရပ်များ

| ရှိပါသည် | မရှိပါ | မသိပါ |
|---|---|---|
| ၃၀၄ – ဦး | ၁၄၅၇ – ဦး | ၁၁၀၃ – ဦး |
| ၁၀.၆၁ % | ၅၀.၈၇ % | ၃၈.၅၁ % |

လွှတ်တော်ကိုယ်စားလှယ်များ၏ ကျော်စောမှုဆိုင်ရာ ဖြစ်ရပ်များအား သိရှိခြင်းနှင့် ပတ်သက်ပြီး ယေဘုယျအားဖြင့် "ရှိပါသည်" ဟု ဖြေဆိုသူ (၁၀ %) ကျော်ရှိပြီး၊ "မရှိပါ၊ မသိပါ" ဟု ဖြေဆိုသူ (၉၀%) ရှိသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်ကျင့်တရားနှင့် လူမှုဆက်ဆံရေးအပိုင်းတွင် အမှတ်ကောင်းရသည်ဟု ဆိုရပါမည်။

## ၁၅။ လွှတ်တော်ကိုယ်စားလှယ်များ၏စွမ်းဆောင်ရည်ပြဇယား

### (၁၅)။ စွမ်းဆောင်ရည် အနိမ့်ဆုံး (၀) မှ စွမ်းဆောင်ရည်အမြင့်ဆုံး (၉) အထိ အမှတ်ပေးမှုအခြေအနေ

| ၀ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | မဖြေဆိုသူ |
|---|---|---|---|---|---|---|---|---|---|---|
| ၂၁၄ | ၂၂၃ | ၂၆၂ | ၄၀၉ | ၄၀၂ | ၅၅၅ | ၂၃၉ | ၁၃၁ | ၆၀ | ၉၃ | ၂၇၆ |
| ၇.၄၇ % | ၇.၇၈% | ၉.၁၄ % | ၁၄.၂၈ % | ၁၄.၀၃% | ၁၉.၃၇ % | ၈.၃၄ % | ၄.၅၇ % | ၂.၀၉ % | ၃.၂၄ % | ၉.၆၃ % |

ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်ပိုင်းတွင် ၅ မှတ်အောက် အမှတ်ပေးသူများမှာ (၅၂.၇ %) သာရှိပြီး၊ ၅ မှတ်နှင့်အထက် အမှတ်ပေးသူများမှာ (၄၇.၂၄ %) ရှိသည်ဟု ဖြေဆိုထားသဖြင့် တစ်ဝက်ကောင်း၊ တစ်ဝက်အားနည်းဟု သုံးသပ်ပေးရမည်ဆိုသော်လည်း စိတ်တိုင်းကျဖြစ်သည်ဟု အမှတ်ပေးသူ ရာခိုင်နှုန်းမှာ နည်းသွားသည်ကို တွေ့ရပါသည်။

## (၁၆) ဖြေဆိုသူများ၏ အကြံပြုဖော်ပြချက်များ

စစ်တမ်းတွင် ပါဝင်ဖြေဆိုသူ ၂၈၆၄ ဦးအနက်မှ ၂၂၇ ဦး၏ ၄ နှစ်ကျော်ကာလအတွင်း တွေ့ကြုံကြားသိခဲ့ရသည့် အခြေအနေအရပ်ရပ်အပေါ်အခြေခံ၍ ဖြေဆိုသည့် အကြံပြုဖြည့်စွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

### ဆောင်ရန်အချက်များ

(၁) မဲဆွယ်ချိန်ပြောသည့် ကတိစကားများသည် မဲနိုင်သည့်အချိန်ပြောသော ကတိစကားများ ကိုက်ညီနေဖို့ လိုအပ်ပါသည်၊

(၂) လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ပြည်သူတွေရဲ့ တင်ပြချက်တွေကို လွတ်လပ်စွာ တင်ပြနိုင်ဖို့ အခွင့်အရေးပေးရန် လိုအပ်ပါသည်၊

(၃) ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်တစ်ဦးချင်းအနေဖြင့် မိမိတို့ဦးစားပေးဆောင်ရွက်မည့် ရွေးကောက်ပွဲ ကတိကဝတ်များအား အများသိရှိအောင် ကြေညာရန်လိုအပ်သည်၊

(၄) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် မဲဆန္ဒနယ်မြေအတွင်းရှိ ပြည်သူလူထုအခက်အခဲများကို သိရှိအောင်လေ့လာရန်နှင့် လိုအပ်ချက်များကို ကွင်းဆင်းလေ့လာပြီး၊ အချက်အလက်များ ကောက်ယူမှတ်တမ်းပြုစုခြင်းများကို ဆောင်ရွက်သင့်ပါသည်၊

(၅) တောင်းဆိုမှုများအပေါ် လေးလေးစားစားနားထောင်ပြီး၊ ဖြစ်နိုင်/မဖြစ်နိုင် အကြောင်းပြချက်ဖြင့် ပြန်လည်ဆွေးနွေးရန်လိုအပ်ပါသည်၊

(၆) ပြည်သူလူထုနှင့် မကြာခဏတွေ့ဆုံညှိနှိုင်းတိုင်ပင်သင့်ပါသည်၊

(၇) လူထုတွေ့ဆုံပွဲလုပ်ဆောင်ရွက်သည့်အခါ သက်ဆိုင်ရာ ပြည်သူလူထုအား ကြိုတင်အကြောင်းကြား ဖိတ်ခေါ်ပြီးမှ ဆောင်ရွက်သင့်ပါသည်၊

(၈) ပြည်သူများ၏ တောင်းဆိုချက်များအပေါ် မူတည်၍ သက်ဆိုင်ရာဌာနဆိုင်ရာများဖြင့် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်တာမျိုးတွေ ဆောင်ရွက်ပေးသင့်ပါသည်၊

(၉) လွှတ်တော်ကိုယ်စားလှယ်များကိုယ်တိုင်က ဒေသဖွံ့ဖြိုးရေးအတွင်း ဒေသတွင်းအရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်၊

(၁၀) ကိုယ်စားလှယ်အချင်းချင်း ချိတ်ဆက်ဆောင်ရွက်ပြီး၊ ပြည်သူလူထုအကြပ်အတည်းများကို ဖြေရှင်းရန် နည်းလမ်းများ ထွက်ပေါ်လာအောင် ဆွေးနွေးတိုင်ပင်ခြင်းများ ဆောင်ရွက်သင့်ပါသည်၊

(၁၁) ပြည်သူလူထု တင်ပြသည့်အကြောင်းအရာနှင့် ပတ်သက်သော အခြေအနေများအား ကိုယ်တိုင်ဆွေးနွေးမှုများနှင့် အခြားအမတ်များ၏ ဆွေးနွေးမှုအခြေအနေများကို လွှတ်တော်ရပ်နားသည့်ကာလတွင် သက်ဆိုင်ရာ ပြည်သူများအား ပြန်လည်ရှင်းပြသင့်ပါသည်၊

(၁၂) ပြည်သူလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် ဥပဒေ/နည်းဥပဒေများ ထွက်ပေါ်လာဖို့ဆိုတာ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ဖို့လိုအပ်ပါသည်၊

(၁၃) လွှတ်တော်ကိုယ်စားလှယ်များ ကြီးကြပ်(စစ်ဆေး)သည့် အစိုးရဌာန(ရုံး)များတွင် ဝန်ထမ်းများက ကြန့်ကြာစေခဲ့သောအရာများသည် အဆင်ချောမွေ့အောင်ဆောင်ရွက်ပေးကြသည့်အတွက် ကိုယ်စားလှယ်များမှ ဝင်ရောက်ကြီးကြပ်တာမျိုးတွေ မကြာမကြာဆောင်ရွက်သင့်ပါသည်၊

(၁၄) ကိုယ်စားလှယ်တစ်ဦးထဲကိုပဲ အားကိုးနေတာမျိုးမဟုတ်ဘဲ ပြည်သူတွေဘက်ကလည်း တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်တာမျိုးတွေ ဆောင်ရွက်ဖို့ လိုအပ်ပါသည်၊

(၁၅) ပြည်သူများ၏ အခက်အခဲပြဿနာများကို ဖြေရှင်းဆောင်ရွက်သည့်အခါ ဥပဒေဘောင်အတွင်းမှ မျှတအောင် ဆောင်ရွက်ပေးဖို့ လိုအပ်ပါသည်၊

(၁၆) မတရားသည့် ဥပဒေများကို ပယ်ဖျက်ပြီး၊ တရားဥပဒေစိုးမိုးရေးအတွက် တစိုက်မတ်မတ် ဆောင်ရွက်စေချင်ပါသည်၊

(၁၇) မိရိုးဖလာဓလေ့ထုံးတမ်း မြေယာဥပဒေပေါ်ပေါက်လာစေရန် အဆိုတင်သွင်းသင့်ပါသည်၊

(၁၈) သိမ်းဆည်းမြေယာပြဿနာများ အမြန်ဆုံး ဖြေရှင်းဆောင်ရွက်စေချင်ပါသည်၊

(၁၉) လောင်းကစားဥပဒေကို ပြန်လည်သုံးသပ်ပြီး၊ ဘောလုံးလောင်းခြင်းနှင့် နှစ်လုံးထီ၊ သုံးလုံးထီ(ချဲ) ထိုးခြင်းများသည် ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နေသည့်အပေါ် ထိန်းချုပ်ကန့်သတ်ရန် လွှတ်တော်တွင် ဆွေးနွေးရန်အဆိုတင်သင့်ပါသည်၊

(၂၀) စစ်ဘေးရှောင်စခန်းများရှိပြည်သူများနေရပ်ပြန်နိုင်ရေးအတွက်လွှတ်တော်တွင်ဆွေးနွေးရန်လိုအပ်နေပါသည်၊

(၂၁) ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် တံတားများအသစ်တည်ဆောက်ခြင်းနှင့် ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းများကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သင့်ပါသည်၊

(၂၂) ပြည့်စုံနေတဲ့နေရာတွေမှာ ဖွံ့ဖြိုးရေး စီမံကိန်းတွေ ထပ်ထပ်ဆောင်ရွက်နေတာမျိုးတွေ ဖြစ်နေတာကို ကိုယ်စားလှယ်တွေအနေနဲ့ မျှတအောင်ဆောင်ရွက်ပေးသင့်ပါသည်။

(၂၃) ဘဏ္ဍာငွေခွဲဝေရေးတွင် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အသုံးစရိတ်များကို တိုးမြှင့်သုံးစွဲပြီး၊ ပိုမိုကောင်းမွန်လာအောင် ဦးစားပေးအဆင့် သတ်မှတ်ဆောင်ရွက်စေချင်ပါသည်၊

(၂၄) အခြေခံကုန်ဈေးနှုန်းများကို ပိုမိုသက်သာအောင် ဆောင်ရွက်စေချင်ပါသည်၊

(၂၅) သီးနှံထုတ်လုပ်ရာတွင် အရှုံးပေါ်နေသည့်အပေါ် အမြတ်ငွေရရှိလာစေရန် လွှတ်တော်တွင် တိုင်ပင်ဆွေးနွေးပြီး အကောင်အထည်ဖေါ် ဆောင်ရွက်ရန် တိုက်တွန်းပါသည်၊

(၂၆) ဒေသတွင်းပြည်သူများ၏ အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ ရှာဖွေဖေါ်ထုတ်ခြင်း ၊ချိတ်ဆက်ပေးခြင်းနှင့် အဟန့်အတားဖြစ်နေသည့် ဥပဒေများကို ပြင်ဆင်ပေးရန်လိုအပ်ပါသည်၊

(၂၇) ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး နှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးများ အောင်မြင်နိုင်ရန်အတွက် ပါတီများ၊ လွှတ်တော်အမတ်များနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်း အဖြေရှာသင့်ပါသည်၊

(၂၈) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း သို့မဟုတ် အသစ်ပြဌာန်းပေးရန် တိုက်တွန်းပါသည်၊

(၂၉) လွှတ်တော်သုံးရပ်စလုံးတွင် ပါဝင်နေသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအား လျှော့ချပေးစေချင်ပါသည်၊

(၃၀) ဥပဒေများ ရေးဆွဲပြဌာန်းသည့်အခါ တန်းတူရေး၊ လွတ်လပ်ရေး၊ တရားမျှတမှု စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ဖို့လိုပါသည်၊

(၃၁) တိုင်းရင်းသားအားလုံး တန်းတူညီမျှရေးနှင့် ကျောသားရင်သားမခွဲခြားဘဲ၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ရေးကို ဦးစားပေးဆောင်ရွက်ရန်၊

(၃၂) သက်ဆိုင်ရာမဲဆန္ဒနယ်မြေ၏ ပြည်သူလူထုသဘောထားဆန္ဒနှင့် မကိုက်ညီသည့် လွှတ်တော်အမတ်အား ဖြုတ်ချပိုင်ခွင့်နှင့် အစားထိုးရွေးချယ်ပိုင်ခွင့်နှင့်ပတ်သက်ပြီး နည်းဥပဒေများ ထွက်ပေါ်လာအောင် ဆောင်ရွက်စေချင်ပါသည်၊

(၃၃) လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအပေါ် ယုံကြည်သက်ဝင်ပြီး ပိုမိုရှင်သန်လာအောင် ကြိုးစားဆောင်ရွက်သင့်ပါသည်၊

(၃၄) အဂတိတိုက်ဖျက်ရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး အသိပညာပေးတာ၊ ပြည်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်တာမျိုးတွေကို ဦးစားပေးဆောင်ရွက်စေချင်ပါသည်၊

(၃၅) မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်စေချင်ပါတယ်၊ မူးယစ်ဆေးဝါး ဥပဒေပြင်ဆင်ရာတွင် အသိပညာပေးခြင်းနှင့် ကာကွယ်တားဆီးရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ရေးဆွဲသင့်ပါသည်၊

(၃၆) လွှတ်တော်ကိုယ်စားလှယ်ကိုယ်တိုင်က လေ့လာသင်ယူလိုစိတ်ရှိဖို့ လိုအပ်ပါသည်၊

(၃၇) လွှတ်တော်နှင့် ဥပဒေအကြောင်းအရာ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် အသိပညာပေး ဆွေးနွေးပွဲများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်တာမျိုးတွေ လုပ်ဆောင်ဖို့ လိုအပ်ပါသည်။

## ရှောင်ရန်အချက်များ

(၁) ပါတီဝင်များနှင့် ဒေသခံပြည်သူများအကြား တစ်ပြေးညီအခွင့်အရေးမပေးဘဲ ဂိုဏ်းဂဏ ခွဲခြားခြင်း၊ ဘက်လိုက်ခြင်းများ မဆောင်ရွက်သင့်ပါ၊

(၂) လူမျိုးရေး၊ ဘာသာရေး၊ ကျား/မ၊ အသားအရောင် တစ်ခုခုပေါ်တွင် ခွဲခြားဆက်ဆံသည့် အပြောအဆို၊ အပြုအမူများ လုံးဝမဆောင်ရွက်သင့်ပါ၊

(၃) လွှတ်တော်ကိုယ်စားလှယ်က ဘယ်သူလဲဆိုတာတောင် မသိပါဘူး၊ မဲဆွယ်တဲ့တစ်ချိန်ပဲ ပြည်သူတွေဆီကို လာတာတွေ့ရပြီး လွှတ်တော်အမတ်ဖြစ်ပြီးနောက်ပိုင်း လာတာကို မတွေ့ရပါ၊

(၄) မဲဆွယ်ကာလအတွင်းသာ ပြည်သူတွေကိုမက်လုံးပေးပြီး ကိုယ်စားလှယ်ဖြစ်သွားတော့ ပြည်သူတွေအပေါ် ကတိမတည်တော့သည့် ပုံစံများ မလုပ်သင့်ပါ၊

(၅) လွှတ်တော်ကိုယ်စားလှယ်များသည် တခါတရံလာရောက်တတ်သည်ဟု နောက်မှကြားရသည့်အခြေအနေများဖြစ်ပေါ်နေပြီး၊ ကိုယ်စားလှယ်များအနေဖြင့် ပြည်သူလူထုနှင့် တွေ့ဆုံရန် အစီအစဉ်ရှိပါက သက်ဆိုင်ရာ ကျေးရွာတာဝန်ခံများအား လမ်းညွှန်ချက်များပေး၍ အစီအစဉ်တကျဆောင်ရွက်ရန်လိုအပ်ပါတယ်။ နီးစပ်ရာ/လက်သင့်ရာ သူများနှင့်ကျင်းပသည့်ပုံစံများ တွေ့နေရပြီး အများပါဝင်ခွင့်ရရှိအောင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာပြည်သူများအား အသိပေးဖိတ်ကြားစေချင်ပါသည်၊

(၆) လွှတ်တော်ကိုယ်စားလှယ်များ ဒေသခံပြည်သူတွေနဲ့ တွေ့ဆုံပွဲလုပ်ဆောင်သည့်အခါ လက်သင့်ရာလူတချို့ကိုပဲ ခေါ်ပြီးဆောင်ရွက်တာမျိုးတွေကို မလုပ်သင့်ပါ၊

(၇) ပြည်သူ့အသံကို နားမထောင်ဘဲ၊ ဌာနဆိုင်ရာများ၊ စီးပွားရေးသမားများနှင့် ပေါင်းစားနေသော အမတ်များအား လုံးဝအလိုမရှိပါ၊

(၈) လုပ်ဆောင်မပေးနိုင်သည့် အရာများကို လုပ်ဆောင်ပေးနိုင်သယောင် အချိန်ဆွဲနေခြင်း၊ လက်ညှိုးထောင်၊ ခေါင်းညိမ့်လောင်းရိပ်မိနေတဲ့ ပုံစံမျိုး မဖြစ်သင့်ပါ၊

(၉) ဒေါ်အောင်ဆန်းစုကြည်မှ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အစိုးရဖြစ်ခဲ့ရင် ပထမလုပ်မည့်ကိစ္စကဖြင့် မြစ်ဆုံရေကာတာနဲ့ ပတ်သက်လို့ သဘောတူညီချက်တွေကို ချပြမည်။ ဟုဆိုပြီး လက်တွေ့တွင် ချမပြပါ။

(၁၀) ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့် လက်တွေ့လုပ်ငန်းတွေ ဆောင်ရွက်တာမရှိဘဲ ပြည်သူ့ကိုယ်စားလှယ်ပါဆိုပြီး ပါးစပ်က ကြွေးကြော်နေတာမျိုးတွေ မလုပ်သင့်တော့ပါ စသည်ဖြင့် ဖြေဆိုထားကြပါသည်။

# (၆)။ နိဂုံး

ဤစစ်တမ်းသည် မိမိတို့ လက်လှမ်းမီသောနေရာများတွင်သာ ကောက်ခံလုပ်ဆောင်ခဲ့ခြင်းဖြစ်၍ တစ်တိုင်းပြည်လုံး၏ သဘောထားများကို လွှမ်းခြုံနိုင်မည်ဟု မယူဆပါ။ သို့သော်လည်း စစ်တမ်း၏ ရည်ရွယ်ချက်ဖြစ်သော လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများကြား ကတိကဝတ်ကို အခြေခံလုပ်ဆောင်ခြင်းအားဖြင့် ပြည်သူ့ဆန္ဒကိုအခြေခံသော ဒီမိုကရေစီနည်းကျ အစိုးရတစ်ရပ် ပေါ်ထွန်းလာရေးအတွက် တစ်စုံတစ်ရာ အထောက်အကူပြုနိုင်မည်ဟု ယူဆပါသည်။ ထို့အပြင် မိမိတို့အနေဖြင့် မြို့ကြီးများမဟုတ်သော နေရာများကို ဦးတည်ဆောင်ရွက်ခဲ့ခြင်းမှာ ဦးစားပေးမခံရသော မြို့ပြဆက်သွယ်ရေးများနှင့် အလှမ်းတစုံတရာ ကွာဝေးသော ပြည်သူလူထု၏ အသံနှင့် သဘောထားဆန္ဒကို ပိုမိုဖော်ထုတ်လိုခြင်းကြောင့် ဖြစ်ကြောင်းတင်ပြလိုပါသည်။

မြန်မာနိုင်ငံ ၂၀၀၈ဖွဲ့စည်းပုံပေါ်ပေါက်လာပြီးနောက်ပိုင်း (၂၀၁၀၊ ၂၀၁၅) ခုနှစ်များတွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲနှစ်ကြိမ်တွင်ရွေးချယ်တင်မြှောက်ခဲ့သည့်လွှတ်တော်ကိုယ်စားလှယ်များသည်ပြည်သူများကိုယ်တိုင် မဲပေးရွေးချယ်ခဲ့သည်ဟု ဆိုသော်လည်း ကိုယ်စားလှယ် တစ်ဦးချင်းအလိုက် ရွေးကောက်ပွဲကတိကဝတ်နှင့်ပတ်သက်၍ တိတိကျကျခိုင်ခိုင်လုံလုံ အကျိုးအကြောင်းပြ မဲဆွယ်/ကတိပေးခဲ့ခြင်း မပြုလုပ်ခဲ့ကြပါ။ ယေဘုယျသဘောများကိုသာ ပြောဆိုမဲဆွယ်ခဲ့သည့် အခြေအနေအဆင့်မျှသာ ရှိနေခြင်းဖြစ်ပြီး ပါတီကို အဓိကထား မဲပေးခဲ့ခြင်းဖြစ်သောကြောင့် ပြည်သူများ၏ နိုင်ငံရေးအမြင်အားနည်းချက်ကို အသုံးချမဲယူနေသည့် ပုံစံများဖြစ်ပေါ်လျက်ရှိပါသည်။ ရွေးကောက်ပွဲဆိုင်ရာ ကတိကဝတ်များအပေါ်နှစ်ဘက်စလုံးမှအလေးမထားသော်လည်း ပြည်သူများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များအပေါ် အားကိုးမျှော်လင့်မှုများ ရှိနေကြောင်း သိသာထင်ရှားပါသည်။

ပါဝင်ဖြေဆိုသူ ၂၈၆၄ ဦး၏ ၇၀ ရာခိုင်နှုန်းနီးပါးသည် နှစ်ကြိမ်အထိသာ မဲပေးဖူးသူများဖြစ်ကြပြီး၊ တစ်ကြိမ်မှ မဲမပေးဖူးသူ (၈) ရာခိုင်နှုန်းကျော် ဖြစ်သည့်အတွက် ရွေးကောက်ပွဲ အတွေ့အကြုံနှင့် ပတ်သက်ပြီး နုနယ်သေးသည်ဟု ဆိုနိုင်ပါသည်။ ကိုယ်စားလှယ်အဖြစ် ရွေးချယ်ပြီးသည့်နောက်ပိုင်း သက်ဆိုင်ရာ မဲဆန္ဒနယ်မြေမှ ကျေးရွာအုပ်စုများသို့ သွားရောက်ထိတွေ့မှုမှာ – မဲဆွယ်စည်းရုံးစဉ် အချိန်တိုကာလနှင့် တာဝန်ထမ်းဆောင်သည့် လေးနှစ်ကျော်ကာလအတွင်း သွားရောက်ထိတွေ့မှု နှိုင်းယှဉ်ကြည့်လျှင် များစွာလျော့ကျသွားသည်ကို ကျေးရွာနေပြည်သူများသည် အရပ်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံတိုင်း ထုတ်ဖော်ပြောကြားသဖြင့် သိရှိခဲ့ရပါသည်။

ပြီးခဲ့သည့် ၄ နှစ်ကျော်ကာလအတွင်း ကိုယ်စားလှယ်များအနေဖြင့် ပြည်သူလူထုများမှ ၎င်းတို့၏ အခက်အခဲများ တင်ပြရန် အခွင့်အလမ်းနှင့် အခင်းအကျင်း ဖန်တီးပေးထားမှုများ အားနည်းကာ ပြည်သူများမှလည်း မိမိတို့ကိုယ်စားလှယ်အကြောင်းကို တစ်ဆင့်စကားဖြင့်လည်းကောင်း၊ သတင်း(မီဒီယာ)များမှတစ်ဆင့်လည်းကောင်း သိရှိခွင့်ရရှိကြသည်။ ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်တွင်း၊ ဒေသတွင်းဆောင်ရွက်မှုများ ရှိနေနိုင်သော်လည်း ပြည်သူလူထုမှ သိရှိမှုအားနည်းကာ လွှတ်တော်ကိုယ်စားလှယ်များ၏ အရေးပါမှုကို အများစုက ကောင်းစွာအသိအမှတ်ပြုနားလည်နေခြင်းမရှိပါ။ ဥပဒေများကို အပြန်အလှန်ညှိနှိုင်းတင်ပြခြင်း၊ အခြားအသိပညာပေးခြင်းများ၊ ဒေသတွင်းပြဿနာများကို ဝင်ရောက်ညှိနှိုင်းပေးခြင်းများကို သိရှိမြင်တွေ့သူမှာလည်း လူနည်းစုသာဖြစ်နေပါသည်။

အစိုးရကိုလည်း အပြန်အလှန်ထိန်းကျောင်းခြင်းကို လုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်သင့်သည်၊ လုပ်ဆောင်ရမည်ဟု မမြင်ကြဘဲ အတိုက်အခံဟု ယူဆနေသည်များ ရှိနေသည်။ အစိုးရကိုလည်း အပြန်အလှန်

ထိန်းကျောင်းသည်ဟု မမြင်ကြပါ။ လွှတ်တော်ကိုယ်စားလှယ်များအပေါ် လူထု၏ အဓိကမျှော်လင့်ချက်မှာ လူထုကိုကိုယ်စားပြုပြီး လူထုပြဿနာများကို ဖြေရှင်းပေးသူ၊ ဒေသအကျိုးအတွက် လုပ်ဆောင်သူ၊ စံနှုန်းနှင့် မှုများအပေါ် ရပ်တည်သူ၊ ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်သူအဖြစ် ရရှိလိုခြင်းဖြစ်သည်။ သို့ဖြစ်၍ ပြည်သူ ဆန္ဒကို အလေးထားဆောင်ရွက်မည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ပွဲဝင်ရာတွင် မိမိတို့ ဆောင်ရွက်ပေးမည်များကို လူထုအသံကို နားထောင်၍ မဲဆန္ဒနယ်မြေအတွင်းရှိ လူထုအကျိုးစီးပွားကို ဖြည့် ဆည်းမြှင့်တင်ပေးခြင်း၊ လူထုကို အတွေးအခေါ်အရ အသိပညာအရ ဦးဆောင်ပေးခြင်း၊ ကောင်းမွန်သော ဒေသန္တရအုပ်ချုပ်ရေးကို ဖော်ဆောင်ခြင်းနှင့် နိုင်ငံလုံးဆိုင်ရာ ကိစ္စရပ်များ ချိတ်ဆက်ပေးခြင်းတို့ကို ဆောင်ရွက် ပေးသင့်ပါကြောင်း တိုက်တွန်းတင်ပြလိုက်ပါသည်။

## (ဂ)။ အကြံပြုတင်ပြချက်များ

(၁) ရွေးကောက်ပွဲကတိကဝတ်တွေကို တစ်ဦးကောင်းတစ်ယောက်ကောင်း မိမိခံစားချက်များကို ဦးစားပေး တောင်းဆိုခြင်းမျိုး မဟုတ်ဘဲ၊ မိသားစုတစ်စုခြင်းမှ စ၍ ကျေးရွာရပ်ကွက်အလိုက် စုဖွဲ့ ဆွေးနွေးခြင်း၊ တိုင်ပင်ခြင်း၊ သုံးသပ်ခြင်း၊ ဘုံတူညီချက်များကို ကြိုတင်ချမှတ်ထားသင့်ပါသည်။

(၂) ရွေးကောက်ပွဲ ကတိကဝတ်နှင့် ပတ်သက်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့ တွေ့ကြုံ ခံစားနေရသည့် အခက်အခဲလိုအပ်ချက်များကို ကိုယ်စားလှယ်လောင်းတွေနဲ့ ဆွေးနွေးထားပြီး ကတိကဝတ် အဖြစ် သဘောတူညီချက်တွေ ရယူထားဖို့ လိုအပ်ပါသည်။

(၃) ပြည်သူများ၏ ဆန္ဒမဲများကို ရယူရန် ကြိုးစားသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ရွေး ကောက်ပွဲ ကတိကဝတ်များကို ကတိပေးရာတွင် အလွတ်တန်းပေးသည့်ပုံများကို မသုံးသင့်တော့ ဘဲ နည်းလမ်း နှင့် အကောင်အထည်ဖေါ် ဆောင်ရွက်မည့် အစီအစဉ်များကို အကျိုးအကြောင်းပြ ဆွေးနွေးပေးဖို့လို အပ်ပါသည်။

(၄) ကိုယ်စားလှယ်များအနေဖြင့် ကတိကဝတ်များကို အကောင်အထည်ဖော်သည့်အခါ ပြည်သူ လူထုနှင့် အတူ ပူးပေါင်းဆောင်ရွက်ရန်နှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ အကြံပြုတင်ပြချက်များ အပေါ် တန်ဖိုး ထား လုပ်ဆောင်သင့်ပါသည်။

(၅) အကောင်အထည်ဖေါ် ဆောင်ရွက်သည့်အခါ အားနည်းချက်တွေ ရှိတယ်ဆိုလျှင်လည်း ပြည်သူ လူထု ထံ ရိုးသားစွာ ဝန်ခံတာမျိုးတွေ လုပ်ဆောင်သင့်ပါသည်။

(၆) လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ရွေးချယ် တင်မြှောက်ခံရခြင်း မရှိစေကာမူ ပြည်သူလူထု၏ အကျိုးကိုရှေ့ရှု၍ ဆွေးနွေးတိုင်ပင်ခြင်း၊ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်း၊ အကြံပြုတိုက် တွန်းမှုများအား စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သင့်ပါသည်။

(၇) ပါတီအသီးသီးက လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် "ပါတီ" မှ ချမှတ် အကောင် အထည်ဖေါ်ဆောင်မည့် ရွေးကောက်ပွဲ ကတိကဝတ်များထက်၊ ဒေသခံပြည်သူလူထုနှင့် အရပ် ဖက်အဖွဲ့အစည်းများ၏ ဆန္ဒသဘောထားများ၊ အကြံပြုချက်များကို နားထောင်ခြင်း၊ ဆွေးနွေး တိုင်ပင်ခြင်းများကို အဓိက ထားဆောင်ရွက်သင့်ပါသည်။

# (ဂ)။ ကျေးဇူးမှတ်တမ်းလွှာ

ဤလေ့လာသုံးသပ်ချက် အစီရင်ခံစာပါ သတင်းအချက်အလက် အရင်းအမြစ်များ ရရှိရန် အခြေခံစစ်တမ်းမေးခွန်းများကို Coronavirus disease (COVID-19) အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါပြန့်ပွားသည့်ကာလနှင့် ကြုံတွေ့နေသည့်ကြားမှ စိတ်လိုလက်ရ ပူးပေါင်းပါဝင် တုန့်ပြန်ဖြေဆိုပေးကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြည်သူလူထု ၂၈၆၄ ဦးအား ဦးစွာကျေးဇူးတင်ရှိပါသည်။

အခြေခံစစ်တမ်းအား ကောက်ယူစုဆောင်းပေးခဲ့သည့် ACDD အဖွဲ့ဝင် ကွန်ရက်များအားလုံး၊ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည့် ထိုကွန်ရက်များ၏ အဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ အကူအညီပေးခဲ့ကြသည့် ပုဂ္ဂိုလ်များအား ကျေးဇူးတင်ရှိပါသည်။ သူတို့၏ စိတ်ပါဝင်စားမှု၊ အချိန်ပေးမှုမရှိပဲ ဤအစီရင်ခံစာအား ရေးသားနိုင်မည် မဟုတ်ပါ။ စစ်တမ်းတစ်စောင်ချင်းစီအား စိတ်ရှည်စွာ ဖတ်ရှုပြီး စစ်တမ်းရလာဒ်များကို ခေါင်းစဉ်အလိုက် စာရင်းပြုစုပေးသည့် မိတ်ဆွေများနှင့် စာရင်းပိုင်းဆိုင်ရာ နည်းပညာအကူအညီပေးသည့် မိတ်ဆွေများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ဤလေ့လာသုံးသပ်ချက် အစီရင်ခံစာ ပုံနှိပ်ထုတ်ဝေနိုင်ရန် စာမူအားစနစ်တကျ၊ ပုံစံကျနစွာ စာမျက်နှာဖွဲ့စည်းမှု ဒီဇိုင်း ပြုလုပ်ပေးသောသူများ၊ မျက်နှာဖုံး ဒီဇိုင်း ဖန်တီးရေးဆွဲပေးသူ၊ နှင့် ပုံနှိပ် ပေးသူများအားလုံးကို ကျေးဇူးတင်ရှိပါသည်။

# ၉။ စစ်တမ်းတွင် ပါဝင်သည့် အခြေခံမေးခွန်းများ

၂၀၁၅ မှ ၂၀၂၀ ခုနှစ်အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံ
လွှတ်တော်အဆင့်ဆင့်တွင် ဆောင်ရွက်နေသော ကိုယ်စားလှယ်များ၏
လုပ်ငန်းဆောင်ရွက်မှုများအပေါ် ပြည်သူလူထုသဘောထားအမြင် ကောက်ယူစုစည်းခြင်း
စစ်တမ်းကောက်ယူသည့်ကာလ ၂၀၂၀ ခုနှစ် မတ်လ ၁ ရက်နေ့မှ ဧပြီလ ၃၀ ရက်နေ့ထိ

ဖြေကြားသူ၏ ကိုယ်ရေးအကျဉ်း　　　　　　　　　　　　မှတ်ချက်။　　။ မဖော်ပြလိုပါကရေးရန်မလို။

1. အမည် ..........................................
2. လိင် (ကျား/မ) ..........................................
3. အသက် ..........................................
4. တိုင်းရင်းသားလူမျိုး ..........................................
5. ပါတီ/အဖွဲ့အစည်း အမည် ..........................................
6. အလုပ်အကိုင် ..........................................
   နိုင်ငံ့ဝန်ထမ်းဖြစ်ပါက - ရာထူး (............................)၊ ဌာန (............................)

**အမှန်ခြစ်ပေးပါ**

| | | | |
|---|---|---|---|
| လွှတ်တော်ကိုယ်စား လှယ် ဟောင်း | အရပ်ဘက်အဖွဲ့အစည်း | တောင်သူလယ်သမား | သဘာဝဘေးအန္တရာယ် ခံစားရဖူးသူ |
| ရွေးကောက်ပွဲ ပါဝင် ယှဉ်ပြိုင်ဖူးသူ | စက်ရုံ/အလုပ်ရုံ လုပ်သား | ကျောင်းသားလူငယ် | စစ်ဘေးရှောင်များ |
| လက်နက်ကိုင်အဖွဲ့အစည်း | ဈေးသည်များ | စီးပွားရေးလုပ်ငန်းရှင် | ရွှေ့ပြောင်းလုပ်သားများ |
| ရပ်/ကျေး အုပ်ချုပ်ရေး အဖွဲ့ဝင်များ | နေ့စားလုပ်သားများ | ကုမ္ပဏီဝန်ထမ်းများ၊ | မြေသိမ်းခံရသူများ |
| နိုင်ငံရေးပါတီဝင်များ | အိမ်ရှင်မ | မြေမဲ့ / ယာမဲ့များ | အခြား ....... |

7. လက်ရှိနေထိုင်ရာဒေသ ......................... ရပ်ကွက် .................... မြို့.........................
မြို့နယ် ..........................ပြည်နယ်/တိုင်း
................................. ကျေးရွာ ............................. ကျေးရွာအုပ်စု .........................မြို့နယ်
.......................... ပြည်နယ်/တိုင်း

8. လက်ရှိနေထိုင်လျက်ရှိသည့် ရပ်ကွက်နှင့်မြို့ သို့မဟုတ် ကျေးရွာအုပ်စုနှင့်မြို့နယ်တွင် တစ်ဆက်တည်း နေထိုင်ခဲ့သည့် ကာလမှာ အောက်ပါအတိုင်းဖြစ်သည်။

| | | | |
|---|---|---|---|
| ၅ နှစ်အောက် | ၅ နှစ်မှ ၁၀ နှစ်အကြား | ၁၀ နှစ်မှ ၂၀ နှစ် အကြား | ၂၀ နှစ် နှင့်အထက် |

## စစ်တမ်းမေးခွန်းများကို ဖြေဆိုရာတွင် မိမိ၏အမှန်တကယ်သိရှိမှုများပေါ် အခြေခံပြီးဖြေဆိုပေးပါရန်

၁။ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခဲ့ဖူးပါသည်။

| မှန် | မှား |
|---|---|
| | |

၂။ မဲပေးဖူးပါက ဘယ်နှစ်ကြိမ် မဲထည့်ခဲ့ရပါသလဲ။

| တစ်ကြိမ် | နှစ်ကြိမ် | သုံးကြိမ် | လေးကြိမ် | ငါးကြိမ် |
|---|---|---|---|---|
| | | | | |

၃။ အထွေထွေရွေးကောက်ပွဲတွင် သင်ကိုယ်တိုင် မဲပေးရွေးချယ်ခဲ့ရသည့် အကြောင်းအရင်းကိုဖေါ်ပြပေးပါ။

| စဉ် | အကြောင်းအရင်းများ | အမှန်ခြစ်ပါ |
|---|---|---|
| 1. | ကိုယ်စားလှယ်တစ်ဦးချင်း၏ နိုင်ငံရေး ဖြတ်သန်းမှုကို နှစ်သက်သောကြောင့် | |
| 2. | သက်ဆိုင်ရာ ပါတီကို ထောက်ခံသောကြောင့် | |
| 3. | ရွေးကောက်ပွဲ ကတိကဝတ်များကို ယုံကြည်သောကြောင့် | |
| 4. | ပတ်ဝန်းကျင်မှ တိုက်တွန်းသောကြောင့် | |
| 5. | ဖိအားပေးခံရခြင်းကြောင့် | |
| 6. | အခြား ..... | |

၄။ လွှတ်တော်အမျိုးအစားအလိုက် တစ်နေရာတွင် ပါတီအသီးသီးမှ ကိုယ်စားလှယ်လောင်း ဘယ်နှစ်ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပါသလဲ။

| စဉ် | ကိုယ်စားလှယ် အမျိုးအစားများ | အရေအတွက် |
|---|---|---|
| ၁ | တိုင်းဒေသကြီးလွှတ်တော် | ဦး |
| ၂ | ပြည်သူ့လွှတ်တော် | ဦး |
| ၃ | အမျိုးသားလွှတ်တော် | ဦး |
| ၄ | တိုင်းရင်းသားရေးရာဝန်ကြီး | ဦး |

၅။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတွင် *ဘယ်လိုအရည်အချင်းတွေ* ရှိရမယ်လို့ သိထားပါသလဲ။ သင်သိရှိထားသည့်အတိုင်း ရေးပေးပါ။

..................................................................................................................

| | | | | |
|---|---|---|---|---|
| ၆ | ကိုယ်စားလှယ်များသည် မဲဆွယ်စည်းရုံးစဉ်က ရွေးကောက်ပွဲ ကတိကဝတ်များ ပေးခဲ့ခြင်း ရှိပါသလား။ | ရှိသည် | မရှိပါ | မသိပါ |
| ၇ | ရွေးကောက်ပွဲကတိကဝတ်များထဲမှ အကောင်အထည်ဖေါ်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို သင်မှတ်မိသလောက် ဖေါ်ပြပေးပါ။<br>1. ..........................................................<br>2. .......................................................... | | | |
| ၈ | သင်နေထိုင်ရာ ကျေးရွာ/ရပ်ကွက်တွင် လွှတ်တော်ကိုယ်စားလှယ် တွေ့ဆုံပွဲများ လာရောက် ကျင်းပခဲ့ခြင်း ရှိပါသလား။ | ရှိသည် | မရှိပါ | မသိပါ |
| ၉ | လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံစဉ်က သင်ကိုယ်တိုင် တင်ပြတောင်းဆိုခဲ့သည့် အကြောင်းအရာများရှိလျှင် ဖေါ်ပြပေးပါ။<br>1. ..........................................................<br>2. .......................................................... | | | |

| | | | | |
|---|---|---|---|---|
| ၁၀ | ပြည်သူများ၏အခက်အခဲများကို ဖြေရှင်းရာတွင် လွှတ်တော်ကိုယ်စားလှယ်များသည် အရပ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု ရှိပါသလား။ | ရှိသည် | မရှိပါ | မသိပါ |
| ၁၁ | ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ တောင်းခံရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးမှု ရှိပါသလား။ | ရှိသည် | မရှိပါ | မသိပါ |
| ၁၂ | ဒေသဖွံ့ဖြိုးရေး စီမံချက်များသည် ရပ်ကွက်။ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်နေချက်များနှင့် ကိုက်ညီမှုရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်း ရှိပါသလား။ | ရှိသည် | မရှိပါ | မသိပါ |
| ၁၃ | ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို လွှတ်တော်ကိုယ်စားလှယ်များမှ စောင့်ကြည့် စစ်ဆေးခြင်း ရှိပါသလား။ | ရှိသည် | မရှိပါ | မသိပါ |
| ၁၄ | ဒေသတွင်း သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်ခဲ့စဉ်က ပြည်သူလူထုအခက်အခဲများကို အကူအညီပေး ဆောင်ရွက်မှုများ ရှိပါသလား။ | ရှိသည် | မရှိပါ | မသိပါ |
| ၁၅ | ဒေသတွင်းဖြစ်ပေါ်နေသည့် အခက်အခဲများကို သက်ဆိုင်ရာ လွှတ်တော်တွင် မေးခွန်းမေးခြင်း၊ တောင်းဆိုပေးခြင်းများ ဆောင်ရွက်ခဲ့ပါသလား။ | ရှိသည် | မရှိပါ | မသိပါ |
| ၁၆ | မဲဆန္ဒနယ်အတွင်းရှိ ပြည်သူလူထု၊ တပ်မတော်နှင့် ကုမ္ပဏီများကြားဖြစ်ပေါ်နေသည့် အငြင်းပွားမှု များကို ကိုယ်စားလှယ်များအနေဖြင့်ကြားဝင်ညှိနှိုင်းဆောင်ရွက်ပေးခြင်း ရှိပါသလား။ | ရှိသည် | မရှိပါ | မသိပါ |
| ၁၇ | ဥပဒေပြုရေးလုပ်ငန်းစဉ်များတွင် ပြည်သူလူထုသဘောထားအမြင်များပါဝင်နိုင်ရေးအတွက် အကြံပြုဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့ဖူးပါသလား။ | ရှိသည် | မရှိပါ | မသိပါ |
| ၁၈ | လွှတ်တော်တွင် ဥပဒေကြမ်းများအား ရေးဆွဲပြီး အတည်မပြုမီအချိန်အတွင်း လူထုအား အသိပေးခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်း၊ အကြံပြုလွှာတောင်းခံခြင်းများ ရှိပါသလား။ | ရှိသည် | မရှိပါ | မသိပါ |
| ၁၉ | ဒုတိယအကြိမ်ပထမပုံမှန်အစည်းအဝေး မှ အဌမအကြိမ်ထိ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြု ပြဋ္ဌာန်းခဲ့သည့် ဥပဒေပေါင်း (၁၂၉) ခု တွင် မိမိတို့မဲဆန္ဒနယ်မြေ၏ လွှတ်တော်ကိုယ် စားလှယ်များမှ အဆိုတင်ခြင်း၊ ပါဝင်ဆွေးနွေးခဲ့ခြင်း ရှိပါသလား။ | ရှိသည် | မရှိပါ | မသိပါ |
| ၂၀ | နည်းဥပဒေမထွက်ရှိသော ဥပဒေများအတွက် နည်းဥပဒေထွက်ပေါ်လာစေရန် တွန်းအားပေး တိုက်တွန်းမှုများ ရှိပါသလား။ | ရှိသည် | မရှိပါ | မသိပါ |
| ၂၁ | ပြဋ္ဌာန်းပြီး ဥပဒေများကို ပြည်သူများသိရှိရန် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့ဖူး ပါသလား။ | ရှိသည် | မရှိပါ | မသိပါ |
| ၂၂ | ဌာနဆိုင်ရာအသီးသီး နှင့် လူထုကြားဆက်ဆံမှုတွင် ဖြစ်ပေါ်နေသည့်အခက်အခဲများအတွက် လုပ်ထုံး လုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ရန် မေးခွန်းမေးခြင်း၊ ထောက်ပြဝေဖန်ခြင်းများ ဆောင်ရွက်ဖူးပါသလား။ | ရှိသည် | မရှိပါ | မသိပါ |
| ၂၃ | ဒေသန္တရရွေးချယ်ပွဲများတွင် ဒီမိုကရေစီစံချိန်စံနှုန်းများဖြင့် မကိုက်ညီသည့် စည်းကမ်းချက်များကို လွှတ်တော်တွင်း မေးခွန်းမေးခြင်း၊ ထောက်ပြဝေဖန်ခြင်းများ ဆောင်ရွက်ဖူးပါသလား။ | ရှိသည် | မရှိပါ | မသိပါ |

| | | | | |
|---|---|---|---|---|
| ၂၄ | လူ့အခွင့်အရေးနှင့် ဒီမိုကရေစီစနစ်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ကိုယ်တိုင်ဟောပြောပို့ချခြင်း၊ ချိတ်ဆက်ဆောင်ရွက်စီစဉ်ပေးခြင်းများကို ဆောင်ရွက်ဖူးပါသလား။ | ရှိသည် | မရှိပါ | မသိပါ |
| ၂၅ | ရပ်ကျေးအုပ်ချုပ်ရေးနှင့် စည်ပင်သာယာရေးကော်မတီဆိုင်ရာ ရွေးချယ်ပွဲများ ကျင်းပစဉ်က လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ဘယ်လိုအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ပါသလဲ။<br>အသိပညာပေးခြင်း \| ညှိနှိုင်းဆောင်ရွက်ခြင်း \| အခြား ............. | | | |
| ၂၆ | လယ်ယာမြေ အငြင်းပွားမှု/ပြဿနာများကို တင်ပြရာတွင် အကြံဉာဏ်ပေးခြင်း၊ လမ်းညွှန်မှုပေးခြင်း များကိုအကူအညီပေး ဆောင်ရွက်မှု ရှိပါသလား။ | ရှိသည် | မရှိပါ | မသိပါ |
| ၂၇ | လယ်ယာမြေ ပုံစံ (၇) ရရှိရေးလျှောက်ထားရာတွင် ရပ်ကျေးလယ်စီအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်းကြောင့် ကြန့်ကြာနေမှုများကို ညှိနှိုင်းဆောင်ရွက်ပေးခြင်းရှိပါသလား။ | ရှိသည် | မရှိပါ | မသိပါ |
| ၂၈ | အလုပ်ရှင်အလုပ်သမား အငြင်းပွားမှုပြဿနာများကို ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ညှိနှိုင်းဆောင် ရွက်ပေးခြင်း ရှိပါသလား။ | ရှိသည် | မရှိပါ | မသိပါ |
| ၂၉ | မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ လျှော့ချရေးနှင့် အသိပညာပေးလုပ်ငန်းများတွင် အားပေးကူညီခြင်း၊ ပါဝင်ဆောင်ရွက်ခြင်းများ ရှိပါသလား။ | ရှိသည် | မရှိပါ | မသိပါ |
| ၃၀ | သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေး ဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း ရှိပါသလား။ | ရှိသည် | မရှိပါ | မသိပါ |
| ၃၁ | လာဘ်ပေး၊ လာဘ်ယူမှုပပျောက်ရေးအတွက် လူထု နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မတီ မှ ဖော်ထုတ်အရေးယူခြင်းများတွင် ပါဝင်ဆောင်ရွက်မှု ရှိပါသလား။ | ရှိသည် | မရှိပါ | မသိပါ |
| ၃၂ | တရားရေးဆိုင်ရာ ဝန်ထမ်းနှင့် ရဲများ၏ လုပ်ထုံးလုပ်နည်းများကြောင့် အငြင်းပွားစရာအကြောင်း ကိစ္စများကို တိုင်ကြားလာလျှင် ကူညီဖြေရှင်းပေးခြင်း ရှိပါသလား။ | ရှိသည် | မရှိပါ | မသိပါ |
| ၃၃ | သင့်အနေဖြင့် အစိုးရရုံးများတွင် ရုံးဝန်ထမ်းများ၏ အာဏာအလွဲသုံးစားပြုမာန်မဲခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ အကြောင်းအမျိုးမျိုးပြ အချိန်ဆွဲမှုများကို ကိုယ်စားလှယ်များအား တိုင်ကြားခဲ့ဖူးပါသလား။ | ရှိသည် | မရှိပါ | မသိပါ |
| | - တိုင်ကြားခဲ့ဖူးပါက မည်သို့ဆောင်ရွက်ခဲ့ပါသလဲ။<br>.................................................................................................................................... | | | |
| ၃၄ | မိမိတို့ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်သည် ပြည်သူများ၏ တင်ပြချက်များကို အကြောင်း ပြချက် မခိုင်လုံပဲ ငြင်းပယ်ခြင်း၊ ချန်လှပ်ခြင်းများ ရှိခဲ့ဖူးပါသလား။ | ရှိသည် | မရှိပါ | မသိပါ |
| ၃၅ | မိမိမဲဆန္ဒနယ်မှ ကိုယ်စားလှယ်တစ်ဦးဦးသည် အဂတိလိုက်စားမှုများတွင် ပါဝင်ပတ်သက်နေသည်ဟု သင် ကြားသိခဲ့ဖူးပါသလား။ | ရှိသည် | မရှိပါ | မသိပါ |
| ၃၆ | လွှတ်တော်ကိုယ်စားလှယ်များသည် လူမှုရေးအရှုပ်အရှင်းကိစ္စရပ်များတွင် ဘက်လိုက် ရပ်တည်ခြင်း၊ ကိုယ်တိုင်ပါဝင်ပတ်သက်နေခြင်းများရှိခဲ့ဖူးပါသလား။ | ရှိသည် | မရှိပါ | မသိပါ |

<table>
<tr><td>၃၇</td><td>လွှတ်တော်ကိုယ်စားလှယ်များသည် မဲဆန္ဒရှင်ပြည်သူလူထုအား ရှင်းပြစော်ကားခြင်း ရှိခဲ့သည်ဟု ကြားဖူးပါသလား။</td><td>ရှိသည်</td><td>မရှိပါ</td><td>မသိပါ</td></tr>
<tr><td>၃၈</td><td>လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် (ဘာသာရေး၊ လူမျိုးရေး၊ ကျား-မ၊ အသားအရောင်) တစ်မျိုးမျိုးတွင် ခွဲခြားဆက်ဆံသည့် ဖြစ်ရပ်များ ။</td><td>ရှိသည်</td><td>မရှိပါ</td><td>မသိပါ</td></tr>
<tr><td>၃၉</td><td colspan="4">ပြည်သူလူထု၏ အခက်အခဲပြဿနာများကို လွယ်ကူစွာတင်ပြနိုင်ရန် ကိုယ်စားလှယ်များမှ မည်သို့ စီမံဆောင်ရွက်ထားပါသလဲ။<br>ရုံးခန်း (သို့) နေအိမ် တွင် | ဖုန်း /အီးမေးလ် | အခြား.............</td></tr>
<tr><td>၄၀</td><td colspan="4">လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မည်သည့်အရင်းအမြစ်မှ သိရှိရပါသလဲ။<br>အရင်းအမြစ်များမှာ<br>- လူထုအကြားပြောဆိုနေသည့်အတွက် ပြည်သူမှတစ်ဆင့်သိခြင်း<br>- ရေဒီယို၊ ရုပ်မြင်သံကြား (ရုပ်သံသတင်းဌာနများ)<br>- သတင်းစာ၊ ဂျာနယ်၊<br>- အစည်းအဝေး၊ ဆွေးနွေးပွဲများ ၊ သင်တန်းများ<br>- ဖုန်း၊ Facebook ၊<br>- အခြား .....................................</td></tr>
<tr><td>၄၁</td><td colspan="4">လွှတ်တော်သက်တမ်း (၄) နှစ်တာအတွင်း လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်ကို ယေဘုယျ အကဲဖြတ်မည်ဆိုလျှင် -<br>(၀) သည် စွမ်းဆောင်ရည် အနိမ့်ဆုံးဖြစ်ပြီး၊ (၉) သည် စွမ်းဆောင်ရည်အမြင့်ဆုံးဖြစ်သည်။<br>(အမှန်ခြစ်ပေးပါ)<br>၀ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉</td></tr>
<tr><td>၄၂</td><td>မိမိတို့ကိုယ်စားလှယ်သည် လွှတ်တော် ဖွဲ့စည်းပုံ၊ လည်ပတ်ပုံနှင့် အလုပ်လုပ်ပုံများကို ပြည်သူလူထုအား ပြန်လည် အသိပညာပေးခြင်း ရှိခဲ့ပါသလား။</td><td>ရှိသည်</td><td>မရှိပါ</td><td>မသိပါ</td></tr>
<tr><td>၄၃</td><td>အရပ်ဘက် အဖွဲ့အစည်းများနှင့် ပြည်သူများအား လွှတ်တော်သို့လာရောက် လေ့လာရန် အသိပေး ဖိတ်ကြားခြင်း ရှိခဲ့ဖူးပါသလား။</td><td>ရှိသည်</td><td>မရှိပါ</td><td>မသိပါ</td></tr>
<tr><td>၄၄</td><td colspan="4">အခြား အကြံပြု ဖြည့်စွက်ချက်များ ရေးသားရန်။<br>......................................................................................................<br>......................................................................................................</td></tr>
</table>

*လိုအပ်ပါက ကျောဘက်တွင် ရေးသားနိုင်ပါသည်။*

စစ်တမ်းကောက်ယူသည့် အမှတ်စဉ် (..........)

ရက်စွဲ ။ ။ ၂၀၂၀ ခုနှစ် ................ လ .......... ရက်

စစ်တမ်းကောက်ယူသူ။ ။ .......................................

ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှုကော်မတီ
Action Committee for Democracy Development (ACDD)

# (၁၀)။ နောက်ဆက်တွဲဖော်ပြချက်များ

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁၁/၂၀၁၀)

**အခန်း(၃)၊ လွှတ်တော်ကိုယ်စားလှယ်များ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ကျင့်ဝတ်၊ စည်းကမ်း၊ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

## တာဝန်များ

၈။ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် တည်ဆဲဥပဒေများကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ခ) နိုင်ငံတော်နှင့်စပ်လျဉ်းသော လျှို့ဝှက်ချက်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဂ) လွှတ်တော်သို့ တင်သွင်းသော ဥပဒေကြမ်းများ၊ အဆိုများနှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် ပြည်ထောင်စု၏ အကျိုးစီးပွားကိုသာ အဓိကထားခြင်း၊

(ဃ) နိုင်ငံသားများ၏ မူလအခွင့်အရေးများ ရရှိခံစားနိုင်ရေးကို ရှေးရှုဆောင်ရွက်ခြင်း၊

(င) နိုင်ငံတော်နှင့် မဲဆန္ဒနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များနှင့် ဖြစ်စေ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) မဲဆန္ဒရှင်များအား လွှတ်တော်အတွေ့အကြုံ ပြန်လည်ရှင်းလင်းတင်ပြခြင်း၊

(ဆ) မဲဆန္ဒရှင်များ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြခြင်း၊

(ဇ) လွှတ်တော်က ပေးအပ်သည့် အခြားတာဝန်များကို ထမ်းဆောင်ခြင်း။ (ပြင်ဆင် ၂၅. ၀၁. ၂၀၁၄)

## လုပ်ပိုင်ခွင့်များ

၉။ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) နာယက၏ ခွင့်ပြုချက်ဖြင့် အဆိုများ တင်သွင်းခြင်းနှင့် မေးခွန်းများ မေးမြန်းခြင်း၊

(ခ) လွှတ်တော်တွင် တင်ပြဆွေးနွေးသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့အစည်းများနှင့် ယင်းတို့ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ဖြစ်စေ မေးမြန်းခြင်း၊ ဆွေးနွေးခြင်းနှင့် အချက်အလက်များရယူခြင်း၊

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဤဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွှတ်တော်နှင့် လွှတ်တော်ပူးပေါင်းကော်မတီတို့တွင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိခြင်း၊

(ဃ) လွှတ်တော်အစည်းအဝေးသို့ လေ့လာသူအဖြစ် တက်ရောက်ရန် နာယက၏ သဘောတူညီချက်ဖြင့် ပြည်သူများကို ဖိတ်ကြားခြင်း။

## ကျင့်ဝတ်နှင့် စည်းကမ်းများ

၁၀။ လွှတ်တော်ကိုယ်စားလှယ်များသည် အောက်ပါကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာရမည် –

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို လိုက်နာစောင့်ထိန်းခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဤဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းခြင်း၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာနှင့် လျော်ညီစွာ ပြုမူပြောဆိုဆက်ဆံနေထိုင်ခြင်း၊

(ဃ) လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်း၊

(င) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပေးအပ်ထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာမှု၊ လာဘ်ပေးလာဘ်ယူမှုနှင့် ခြိမ်းခြောက်မှုတို့ကို ရှောင်ကြဉ်ခြင်း၊

(စ) လွှတ်တော်အစည်းအဝေးများတွင် သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်း။

## ရပိုင်ခွင့်နှင့် အခွင့်အရေးများ

၁၁။ လွှတ်တော်ကိုယ်စားလှယ်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) လွှတ်တော်နှင့် လွှတ်တော်ပူးပေါင်းကော်မတီတို့တွင် တင်ပြဆွေးနွေးဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(ခ) ပယ်ဖျက်

(ဂ) လွှတ်တော်အစည်းအဝေးတက်ရောက်နေစဉ်အတွင်း နာယက၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက –

  (၁) ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

  (၂) တရားရုံး သို့မဟုတ် စုံစမ်းစစ်ဆေးမှုတစ်ခုခုက သက်သေအဖြစ် ဆင့်ခေါ်ခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း။

(ဃ) လွှတ်တော်ပူးပေါင်းကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးတက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာ ပူးပေါင်းကော်မတီ၏ အကြီးအမှူးမှတစ်ဆင့် နာယက၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(င) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်း မခံရမီ နာယက၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်နှင့် လွှတ်တော်ပူးပေါင်းကော်မတီ အစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိခြင်း။

https://www.mlis.gov.mm/lsScPop.do?lawordSn=6802

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်) ရွေးကောက်ပွဲဥပဒေ၊ အခန်း (၄) မှ (၅)ထိ ဥပဒေကောက်နှုတ်ဖော်ပြချက်

## အခန်း(၄)၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ

၆။ အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများသည် အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည် -

(က) ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ၊

(ခ) သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သူ။

၇။ အောက်ပါပုဂ္ဂိုလ်များသည် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့် မရှိစေရ -

(က) သာသနာ့ဝန်ထမ်း၊

(ခ) ထောင်ဒဏ်ကျခံနေရသူ၊

(ဂ) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊

(ဃ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူ၊

(င) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူ၊

(စ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူ။

## အခန်း(၅)၊ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများနှင့် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိသူများ

၈။ အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသော နိုင်ငံသားများသည် အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည် -

(က) ရွေးကောက်တင်မြှောက်ခံနိုင်ရေးအတွက် အမည်စာရင်း တင်သွင်းလွှာ တင်သွင်းချိန်တွင် -

(၁) အသက် ၂၅ နှစ် ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သူ၊

(၂) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့်အချိန်နှင့် တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး ၁၀ နှစ် အခြေချနေထိုင်ခဲ့သူ၊

ခြွင်းချက် ။ ။ နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ တရားဝင်သွားရောက်သည့် ကာလများကိုလည်း နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သည့်ကာလအဖြစ် ထည့်သွင်းရေတွက်ရမည်။

(၃) မဲစာရင်းတွင် ပါဝင်သူ။

(ခ) နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်သူ၊

(ဂ) ဤဥပဒေတွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူ။

၉။ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူတစ်ဦးသည် တစ်သီးပုဂ္ဂလအဖြစ်ဖြင့်ဖြစ်စေ၊ နိုင်ငံရေးပါတီတစ်ခုခုကို ကိုယ်စားပြု၍ဖြစ်စေ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်။

၁၀။ အောက်ပါပုဂ္ဂိုလ်များသည် ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိစေရ -

(က) ထောင်ဒဏ်ကျခံနေရသူ၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီကဖြစ်စေ၊ အာဏာတည်ပြီးမှဖြစ်စေ လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းပျက်ယွင်းစေသော ပြစ်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခံရခြင်းကြောင့် သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှုကျူးလွန်ခြင်းကြောင့် သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်

ထားသည့် ကာလကုန်ဆုံးခြင်း မရှိသေးသူ၊

(ဂ) စိတ်ပေါ့သွပ်သည်ဟုသက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်းသတ်မှတ်ခြင်းခံရသူ၊

(ဃ) လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံး၏ ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊

(င) မွေးဖွားစဉ်က နိုင်ငံသားမဖြစ်သေးသော မိဘတစ်ပါးပါးမှဖြစ်စေ၊ နှစ်ပါးလုံးမှဖြစ်စေ မွေးဖွားသည့် နိုင်ငံသား၊

(စ) နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရှိသေသူ၊ နိုင်ငံခြားအစိုးရ၏ ဩဇာခံယူသူ၊ နိုင်ငံခြားအစိုးရ၏လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူ၊

(ဆ) နိုင်ငံခြားအစိုးရ၏ လက်အောက်ခံ ဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူ၊

(ဇ) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေး အဖွဲ့အစည်း သို့မဟုတ် အခြား အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း စသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ အထောက် အပံ့ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့အထောက်အပံ့ရယူသုံးစွဲသည့်အဖွဲ့အစည်းဝင်ဖြစ်သူ၊

(ဈ) နိုင်ငံရေးကိစ္စအတွက် ဘာသာရေးကို အကြောင်းပြု၍ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးရန်သော်လည်းကောင်း ပြောဆိုခြင်း၊ ဟောပြောခြင်း၊ ကြေညာချက် ထုတ်ပြန် ခြင်းနှင့် ယင်းသို့ပြုလုပ်ရန် အားပေးလှုံ့ဆော်ခြင်းပြုသူ သို့မဟုတ် ယင်းသို့ပြုလုပ်သည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊

(ည) သာသနာ့ဝန်ထမ်း၊

(ဋ) နိုင်ငံ့ဝန်ထမ်း၊

ခြွင်းချက်။ ယင်းစကားရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော လွှတ်တော်များတွင် ရွေးချယ်ခန့်အပ်ခြင်းခံရသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ လွှတ်တော်များရှိ အဖွဲ့အစည်းများတွင် ရွေးချယ်ခန့်အပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းများနှင့်လည်းကောင်း မသက်ဆိုင်စေရ။

(ဌ) နိုင်ငံတော်ပိုင် ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းစသည်တို့ကို တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊

ခြွင်းချက်။ (၁) နိုင်ငံတော်ပိုင် ငွေကြေးဟူသော စကားရပ်တွင် အငြိမ်းစားလစာ၊ စရိတ်၊ ငွေကြေး သော်လည်းကောင်း၊ နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်သဖြင့် နိုင်ငံတော်က တရားဝင် ထောက်ပံ့ချီးမြှင့်ထားသော လစာ၊ စရိတ်၊ ငွေကြေးသော်လည်းကောင်း မပါဝင်၊

(၂) နိုင်ငံတော်ပိုင်မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း ဟူသော စကားရပ်တွင် ဥပဒေ တစ်ရပ်ရပ်အရသော်လည်းကောင်း၊ တာဝန်အရသော်လည်းကောင်း နိုင်ငံတော်က သုံးစွဲ ခွင့်ပြုထားသော သို့မဟုတ် နိုင်ငံတော်ထံမှ အခကြေးငွေဖြင့် ငှားရမ်းသုံးစွဲသော နိုင်ငံတော် ပိုင်မြေ၊ အိမ်၊ အဆောက်အအုံနှင့် အခန်းများ၊ အခြားအဆောက်အအုံနှင့် အခန်းများ၊ နိုင်ငံ တော်ပိုင် လေယာဉ်၊ ရထား၊ သင်္ဘော၊ မော်တော်ယာဉ်၊ ပစ္စည်းစသည်တို့ မပါဝင်။

(၃) ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူ ထားသူ၊

(ဎ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံထားရသော အဖွဲ့အစည်း၊ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်းများ သို့မဟုတ် ယင်းအဖွဲ့အစည်းဝင်များနှင့် ဆက်သွယ်ကြောင်း ခိုင်လုံသော အထောက်အထားရှိသူ။

၁၁။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် အောက်ပါအချက် တစ်ခုခုနှင့် ငြိစွန်းလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိစေရ -

(က) သာသနာ့ဝန်ထမ်းအဖြစ်သို့ အမြဲတမ်းကူးပြောင်းသွားခြင်း၊
(ခ) စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရခြင်း၊
(ဂ) လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံး၏ ကြေညာခံရခြင်း၊
(ဃ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရခြင်း၊
(င) သက်ဆိုင်ရာဥပဒေအရ နိုင်ငံသားအဖြစ်မှ ရပ်စဲသွားကြောင်း သတ်မှတ်ခံရခြင်း၊
(စ) မွေးဖွားစဉ်က မိဘတစ်ပါးပါးဖြစ်စေ၊ နှစ်ပါးလုံးဖြစ်စေ နိုင်ငံသားမဟုတ်ကြောင်း သက်ဆိုင်ရာ၏ သတ်မှတ်ခံရခြင်း၊
(ဆ) နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရှိသေသူ၊ နိုင်ငံခြားအစိုးရ၏ ဇာခံယူသူ၊ နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူဟု ရွေးကောက်ပွဲခံ အဖွဲ့၏ ဆုံးဖြတ်ခံရခြင်း၊
(ဇ) နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူဟု ရွေးကောက်ပွဲခံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း၊
(ဈ) လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ကော်မရှင်က နုတ်ထွက်ခွင့်ပြုခြင်း၊
(ည) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်း၊ အကြမ်းဖက် လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သောအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူ အဖွဲ့အစည်းများ သို့မဟုတ် ယင်းအဖွဲ့အစည်းဝင်များနှင့် ဆက်သွယ်ကြောင်း ခိုင်လုံသော အထောက်အထားရှိသည်ဟု သက်ဆိုင်ရာ တရားရုံး၏ ဆုံးဖြတ်ခံရခြင်း၊
(ဋ) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဇ)၊ (ဈ) သို့မဟုတ် (ဌ) ပါ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းဝင်ဖြစ်ကြောင်း ရွေးကောက်ပွဲခံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း၊
(ဌ) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဋ) ပါ နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးက အကြောင်းကြားခံရခြင်း၊

၁၂။ ရွေးကောက်တင်မြှောက်ခံရသူတစ်ဦးသည် ပုဒ်မ ၈ နှင့် ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တိုင်ကြားချက်ကို ရရှိလျှင် ကော်မရှင်သည် ယင်းတိုင်ကြားချက်ကို ရွေးကောက်ပွဲခံအဖွဲ့ဖွဲ့၍ စစ်ဆေးပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်ရှိ၊ မရှိ ဆုံးဖြတ်စေနိုင်သည်။

# လွှတ်တော်လေ့လာရေး

## (၁)။ လေ့လာနိုင်မည့်အချိန်များ

ရုံးဖွင့်ရက်များဖြစ်သည့် တနင်္လာနေ့မှ သောကြာနေ့များတွင်
နံနက် ၀၉း၀၀ နာရီမှ ညနေ ၁၆း၀၀ နာရီအထိ
လာရောက်လေ့လာနိုင်ပါသည်။

## (၂)။ တည်နေရာ

ပြည်ထောင်စုလွှတ်တော်ရုံး၊ ရာဇဌာနီလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။

## (၃)။ လေ့လာနိုင်သည့်နေရာများ

၁၂ နေရာဖြစ်ပါတယ်။

## (၄)။ လာရောက်လေ့လာရန် လျှောက်ထားနိုင်မည့် လိပ်စာများ

ပြည်သူများ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး အသီးသီးရှိ ညွှန်ကြားရေးမှူးချုပ်များထံသို့ လိပ်မူ၍ သုံးရက် (ပြည်သူ့လွှတ်ဆိုပါက (၅) ရက်) ကြိုတင်ပေးပို့ရပါမည်။ Online မှတစ်ဆင့် လျှောက်ထားမည်ဆိုပါကလည်း လွှတ်တော်ရုံးအသီးသီးသို့ သုံးရက်ကြိုတင်ပေးပို့ရပါမည်။ စာ၊ အီးမေး၊ ဖက်စ်ဖြင့်လည်း ပေးပို့နိုင်ပြီး လူအမည်စာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ပတ်စ်ပို့နံပါတ်၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ယာဉ်အမှတ်နှင့် ယာဉ်မောင်းစာရင်းများ ပူးတွဲပေးပို့ရပါမည်။ တက္ကစီနှင့်ဆိုင်ကယ်များ ဝင်ခွင့်မပြု။

လွှတ်တော်သို့ လာရောက်လေ့လာသည့်နေ့တွင် မှတ်ပုံတင်မူရင်း၊ ထောက်ခံစာမူရင်းများ ယူဆောင်လာပါရန်။ လေ့လာသူများ၏ အချက်အလက်များကို ဖြည့်စွက်ရာတွင်အမည်၊ မှတ်ပုံတင်အမှတ် (မှတ်ပုံတင်မရှိသူများ/ပျက်စီး/ပျောက်ဆုံးသူများအတွက် သက်ဆိုင်ရာ ရပ်ကွက်၏ နေထိုင်ကြောင်း ထောက်ခံချက်၊ ကျောင်းသားဖြစ်ပါက ကျောင်းသားကဒ်)၊ ဖုန်းနံပါတ်နှင့် နေရပ်လိပ်စာတို့ကို တစ်ပါတည်း ပြည့်စုံစွာဖြည့်စွက်၍ လျှောက်ထားပါရန်။ လေ့လာသူများအနေဖြင့် လွှတ်တော်မှ ချမှတ်ထားသော စည်းကမ်းများ ကို လိုက်နာရန်လိုအပ်ပါသည်။

Online မှတစ်ဆင့်လျှောက်ထားမည် ပြည်သူ့လွှတ်တော် ဆိုပါက (၅)ရက် ကြိုတင်လျှောက်ထားနိုင်ပါသည်။

ခရီးသွား Tours ကုမ္ပဏီများမှ နိုင်ငံခြားသားဧည့်သည်များအား လွှတ်တော်သို့ လေ့လာရေး ပို့ဆောင်ရာတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်ရပါမည်။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးများသို့ သုံးရက်ကြိုတင်ပေးပို့ရပါမည်။

## (၅)။ လာရောက်လေ့လာသူများအနေဖြင့် လိုက်နာရမည့်စည်းကမ်းများ

- ❖ လွှတ်တော် ဝင်/ထွက် ဂိတ်များနှင့် အစည်းအဝေးခန်းမ ဝင်ပေါက်တွင် လုံခြုံရေးအရ စစ်ဆေးခြင်းကို ကြည်ဖြူစွာ ခံယူရမည်။
- ❖ လွှတ်တော်အစည်းအဝေးခန်းမအတွင်းသို့ တက်ရောက်လေ့လာစဉ် မှတ်သားစရာစာအုပ်နှင့် ဘောပင်မှလွဲ၍ Phone၊ Camera စသည့် Electronic ပစ္စည်းများ ယူဆောင်အသုံးပြုခြင်း မပြုရ။
- ❖ လွှတ်တော်ရုံးမှ ကန့်သတ်ထားသောနေရာများသို့ သွားလာခြင်းမပြုရ။
- ❖ အစည်းအဝေး ခန်းမအတွင်းသို့ အစားအသောက်များ ယူဆောင်လာခြင်းမပြုရ။
- ❖ လွှတ်တော်အစည်းအဝေး စတင်ကျင်းပပြုလုပ်ရန် နာယက ကြွရောက်လာစဉ်နှင့် ပြန်လည်ထွက်ခွါစဉ်ဧည့်သည်အားလုံးမတ်တပ်ထရပ်ပေးကြပါရန်နှင့်အခမ်းအနားမှူးမှအားလုံးထိုင်နိုင်ပါပြီဆိုမှ ထိုင်ပေးကြပါရန်။
- ❖ အဆိုပါ လွှတ်တော်အစည်းအဝေး ကျင်းပနေချိန်အတွင်း ကိုယ်စားလှယ်များ လက်ခုပ်တီးသည့်အခါတွင် ဧည့်သည်များဖြစ်သည့်အတွက် လက်ခုပ်မတီးကြပါရန်နှင့် အစည်းအဝေး မရပ်နား၊ မပြီးဆုံးမီ အပြင်သို့ လုံးဝထွက်ခွာခွင့်မပြု။
- ❖ လေ့လာရေးစင်မြင့်တွင် နေရာယူသည့်အခါ ထိုင်ခုံပေါ်တွင် ဒူးထောက်ထိုင်ခြင်း၊ ရှေ့ခုံပေါ် ခြေထောက်တင်ခြင်း၊ စားပွဲပေါ်မှောက်အိပ်ခြင်း မပြုလုပ်ရ။
- ❖ မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှုပုံစံကို ရှောင်ကြဉ်ရမည်။ (ဥပမာ၊ စကတ်တို၊ ဘောင်းဘီတို၊ လည်ဟိုက်အင်္ကျီ၊ လက်ပြတ်အင်္ကျီ စသည်တို့ မဝတ်ဆင်ရ။)

## လွှတ်တော်သို့ ဆက်သွယ်ရန်

ဖုန်းနံပါတ် - ၀၆၇-၅၉၁၁၀၉

email – visitorservices.pds@gmail.com, info@pds.hluttaw.mm

လွှတ်တော်သို့ ဥပဒေကြမ်းများနှင့် စပ်လျဉ်းသည့် အကြံပြုချက်များပေးပို့လိုပါက - myanmarparliament@pds.hluttaw.mm သို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်းနံပါတ် - ၀၆၇ ၅၉၁၁၇၀

(တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်များသို့ လာရောက်လေ့လာလိုပါက လွှတ်တော်ရုံး သို့ ဆက်သွယ်၍ လေ့လာခွင့်တောင်းခံနိုင်ပါသည်။)



Action Committee for
Democracy Development
**ACDD**

## ACDD Member Networks